# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယကျောင်းတော်၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်စဉ်။

# မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၈

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။ *စာမျက်နှာ ၃ ကော်လံ ၁*❖

## ယနေ့ ဖတ်စရာ


**ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ** — ပြည်တွင်းသတင်း | စာ ၁၀

**ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အနုပညာရှင်များ စုပေါင်းအားဖြင့် ရန်ပုံငွေအလှူငွေများ ပေးအပ်၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စိတ်ခွန်အားဖြည့်စွမ်းပေး** — ပြည်တွင်းသတင်း | စာ ၁၁

မြန်မာ့အလင်း

# ငါးပုစွန် သယံဇာတများ ရေရှည်တည်တံ့စေရေး

ငါးပုစွန်မျိုးများ မပြုန်းတီးစေရေး၊ မျိုးကောင်းမျိုးသန့်ငါးများ တည်တံ့တိုးပွားကာ ရေရှည်ထုတ်ယူစားသုံးနိုင်စေရေးတို့ အတွက် ငါးသားပေါက်သည့် မိုးရာသီတွင် ငါးဖမ်းဆီးခြင်း မပြုရန် သက်ဆိုင်ရာက နှိုးဆော်လျက်ရှိသည်။ မိုးဦးကျ ဇွန်၊ ဇူလိုင်လတို့တွင် မြစ်ချောင်းအင်းအိုင်များ၌ သဘာဝအလျောက် ဥချသားပေါက်ကြမည့် အထီးအမငါးကြီးများ ဥချရန် နေရာရှာကာ ငါးရစ်တက်ကြသည်။ ယင်းကာလအတွင်း ဖမ်းဆီးခြင်းမပြုဘဲ ငါးများသားပေါက်နိုင်ရန် အခွင့်အလမ်းများဖန်တီးပေးခြင်းဖြင့် ငါးတစ်ကောင်မှ ထောင် သောင်းနှင့်ချီ၍ ငါးများတိုးပွားလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် မြစ်ချောင်းအင်းအိုင်ပေါများပြီး ငါးနှင့် ရေသယံဇာတပိုင်ဆိုင်မှု ကမ္ဘာ့အဆင့် ၁၄ တွင်ရှိသည်။ ရေချိုငါးလုပ်ငန်းထုတ်လုပ်မှုအနေဖြင့် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်ပြီး ပြည်တွင်းငါးထုတ်လုပ်မှု၏ ၂၈ ရာခိုင်နှုန်းခန့်ရှိသည်။ သို့ရာတွင် နိုင်ငံ၌ လူဦးရေတိုးတက်များပြားလာခြင်းကြောင့် ငါးပုစွန်ဖမ်းဆီးမှုပိုမိုများပြားလာခြင်း၊ လူနေမြို့ရွာများ တိုးချဲ့လာခြင်းကြောင့် ငါးပုစွန်များ ပေါက်ပွားရာနေရာများ ပျောက်ကွယ်သွားခြင်း၊ ငါးနေငါးထိုင်များ လျော့နည်းသွားခြင်း စသည့်အကြောင်းများကြောင့် ငါးပုစွန်သယံဇာတများ လျော့နည်းရှားပါးလာခြင်းနှင့်အတူ ငါးပုစွန်ထုတ်လုပ်နိုင်မှုမှာလည်း လျော့ကျလာလျက်ရှိသည်။ ယင်းသို့သောအခြေအနေတွင် ငါးသားပေါက်ချိန် ငါးရစ် ငါးသန်ငါးများကို ဖမ်းဆီးခြင်း၊ ရှော့ခ်တိုက်၊ အဆိပ်ချ၊ မိုင်းခွဲ စသည့်နည်းလမ်းများကို အသုံးပြုဖမ်းဆီးခြင်းတို့က မြစ်ချောင်းအင်းအိုင် ရှိသမျှတို့တွင် ရေသာများ၍ငါးမတွေ့သည့်အဖြစ်မျိုးသို့ ရောက်ရှိသွားစေနိုင်သည်။

သို့ဖြစ်ရာ ငါးလုပ်ငန်းဦးစီးဌာနက "ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"၊ "ငါးရစ်တစ်ကောင်သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား" အစရှိသည့် ဆောင်ပုဒ်များဖြင့် ငါးသားပေါက်သည့် ရာသီတွင် ငါးမဖမ်းဆီးရေးအတွက် နှိုးဆော်လျက်ရှိသကဲ့သို့ ရေသတ္တဝါများ မျိုးပွားရာသီကာလတွင် ဖမ်းဆီးခြင်း၊ သယ်ယူစုဆောင်းခြင်းများ မပြုလုပ်ကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ ထုတ်ပြန်တားမြစ်လျက်ရှိသည်။ ရေချိုငါးအားလုံးကို မေလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်အထိ သုံးလတာကာလအတွင်း ဖမ်းဆီးခြင်း၊ စုဆောင်းသိုလှောင်ခြင်း၊ ရောင်းဝယ်တင်ပို့ခြင်းတို့ မပြုလုပ်ရန် အသိပေးထားပြီးဖြစ်သည်။ ငါးပုစွန်မျိုးများ မပြုန်းတီးဘဲ ရေရှည်ထုတ်လုပ်စားသုံးနိုင်ရန် ရည်ရွယ်ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို အသိတရားဖြင့် လိုက်နာစောင့်ထိန်းကြရန် လိုအပ်ပြီး တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေအရ ဖမ်းဆီးတရားစွဲဆို ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ကိုလည်း သတိချပ်ကြရန်လိုသည်။

မြန်မာနိုင်ငံ၏ ငါးထုတ်လုပ်မှု ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၆၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည်။ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) တွင် လယ်ယာကဏ္ဍကြီးမှ ၂၃ ဒသမ ၇ ရာခိုင်နှုန်းပါဝင်ရာ ငါးကဏ္ဍမှ ၅ ဒသမ ၂ ရာခိုင်နှုန်းပါဝင်သည်။ ရေချိုရေငန်ငါးလုပ်ငန်းများတွင်အသက်မွေးဝမ်းကျောင်းနေကြသူ နိုင်ငံသား ၃ ဒသမ ၂ သန်းခန့်ရှိနေရာ စိုက်ပျိုးရေးကဏ္ဍပြီးလျှင် ဒုတိယအကြီးမားဆုံးဖြစ်သည်။ ရေချိုငါးလုပ်ငန်းတွင် ဂရန်အင်းပေါင်း ၃၇၀၀ ကျော်၊ တင်ဒါချက်ပေါင်း ၃၈၀၀ ခန့် လုပ်ကိုင်ခွင့်ပြုထားသည်။ ငါးသယံဇာတများ လျော့နည်းကျဆင်းနေရာတွင် ရေချိုငါးဈေးကွက်အတွင်း ငါးမြစ်ချင်း၊ ငါးကြင်းစသော မွေးမြူရေးငါးများကိုသာ အတွေ့ရများနေပြီး ငါးရံ့၊ ငါးကျည်း၊ ငါးခူ၊ ငါးပြေမကဲ့သို့သောတိုင်းရင်းငါးမျိုးများမှာ ရာသီချိန်တွင်သာ အနည်းငယ်တွေ့ရသည်အထိ ရှားပါးနေပြီဖြစ်သည်။

ပြည်တွင်း ရေချိုငါးထုတ်လုပ်မှု တိုးတက်လာရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့နိုင်ရေးအတွက် ကောင်းမွန်ပြည့်စုံသည့် စီမံခန့်ခွဲမှုများ လိုအပ်သလို ငါးကဏ္ဍတွင် ပါဝင်အသက်မွေးဝမ်းကျောင်းပြုနေသူများကလည်း တာဝန်သိသူများအဖြစ် လိုက်ပါပူးပေါင်းဆောင်ရွက်ကြရန် လိုသည်။ ငါးမဖမ်းရ ရာသီများ သတ်မှတ်ခြင်း၊ ငါးမဖမ်းရ ဧရိယာများ သတ်မှတ်ခြင်း စသည်တို့မှာ ရေရှည်တွင် ငါးပုစွန်မျိုးစုံသယံဇာတများ ပြန်လည်ပေါများလာရေး၊ ငါးပုစွန်ထုတ်လုပ်မှုတိုးတက်ရေးတို့အတွက်ဖြစ်ရာ ငါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေသူများ၏ အကျိုး၊ စားသုံးသူများ၏ အကျိုးနှင့် နိုင်ငံ့အကျိုးအတွက်ဖြစ်သည့်အလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော် (လေ)ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၂၈**

ထိုင်းဘုရင့်လေတပ် ဦးစီးချုပ်ဖြစ်သူ Air Chief Marshal Alongkom Vannarot ၏ ဖိတ်ကြားချက်အရ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ) ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စက်မှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

စက်မှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနအနီးရှိ လျှိုပိတ်ဆည် အမှတ်(၉)၌ ကျင်းပသည်။

သစ်ပင် စိုက်ပျိုးပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။ (အောက်ပုံ)

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများက သတ်မှတ်နေရာများ၌ ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ ရုံးပတ်ဝန်းကျင်မှ အစပြု၍ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် တစ်ခုလုံးကို စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ရန်၊ ဤကောင်းမွန်သော အစဉ်အလာကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကျင့်သုံးခြင်းဖြင့် ရာသီဥတုကို မျှတထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးမှုကို လျော့ချနိုင်မည်ဖြစ်၍ အလေးထားဆောင်ရွက်ရန်၊ နောင်နှစ်များတွင်လည်း သစ်ပင်၊ သစ်တောနည်းပါးသည့် နေရာများသို့ ဆက်လက်တိုးချဲ့ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးပြီးစီးမှုများကိုလည်း မှတ်တမ်းထားရှိပြီး အပင်များ ရှင်သန်ကြီးထွားအောင် စနစ်တကျ ထိန်းသိမ်းပြုပြင် စောင့်ရှောက်သွားကြရန်၊ ဦးစီးဌာန၊ စက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ သင်တန်းကျောင်းများ၏ ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များ၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးကြရန် မှာကြားသည်။



ယနေ့ စက်မှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ကျွန်းပင် ၁၃၈ ပင်နှင့် ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုး ၄၀၀ စုစုပေါင်း ပျိုးပင် ၅၃၈ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပျဉ်းမနားမြို့နယ် ရန်အောင်ရောင်းဝယ်ရေး သမဝါယမအသင်းနှင့် မေတ္တာမွန်ရောင်းဝယ်ရေး သမဝါယမအသင်းတို့မှ သက်သာသော ဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များ ရောင်းချပေး

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ရန်အောင်ရောင်းဝယ်ရေး သမဝါယမအသင်းဆိုင်နှင့် မေတ္တာမွန် ရောင်းဝယ်ရေးသမဝါယမအသင်းဆိုင်တို့က (၁၀၁)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အသင်းသူ အသင်းသားများအား ဆန်၊ ဆီ၊ ဆား၊ လူသုံးကုန်များနှင့် အခြေခံစားသောက်ကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Auto Top Power Co., Ltd. မှ တင်သွင်းလာသော Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၂၇ စီးနှင့် Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် လေးစီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်  ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

### အခမ်းအနားကိုဖွင့်လှစ်

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့ တည်ဆောက်လှူဒါန်းသည့် မာရဝိဇယ ကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို ဦးစွာကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်သည်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ
မာရဝိဇယကျောင်းတော်

### သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကိုဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်သည်။

### ပက်ဖျန်းပူဇော်

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ *စာမျက်နှာ ၄ သို့*



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသည့်ဧည့်ပရိသတ်များက ရတနတ္တယပူဇာဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြစဉ်။

မြန်မာ့အလင်း ကြာသပတေး၊ ဇွန် ၂၆၊ ၂၀၂၅

*စာမျက်နှာ ၃ မှ*

ထို့နောက် “ဇယန္တော ဗောဓိယာမူလေ” အစချီ ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြုအမျှပေးဝေကြသည်။

ယင်းနောက် အဂ္ဂါဓိပတိသာသနဝ္ဗိမာန်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

**မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်**

ဆက်လက်၍ အခမ်းအနားမှူးက မာရဝိဇယ ဗုဒ္ဓပူဇာဝန္ဒနာပကာမ အာသီသဂါထာနှင့် မင်္ဂလာအခါတော်စာတမ်းကိုဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား သာသနဝ္ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်သည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား သာသနဝ္ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်စဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစဉ်။



သာသနဝ္ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီး

နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထို့နောက် “ဇယန္တော ဗောဓိယာမူလေ” အစချီ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြုအမျှပေးဝေကြသည်။

ထို့နောက် “ဗုဒ္ဓသာသနံ စိရတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအနေဖြင့် ၂၀၁၆ ခုနှစ်မှ ယခုကာလအထိ မြန်မာနိုင်ငံတွင် ခုနစ်နှစ်တာ တာဝန် ထမ်းဆောင်ခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို စွမ်းစွမ်းတမံ စွမ်းဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်သည့် စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ကို ဇွန် ၂၆ ရက်တွင် ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားသည်။

**ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုအပြင် နှစ်နိုင်ငံ အစိုးရနှင့် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် ကဏ္ဍပေါင်းစုံ၌ အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား နှစ်နိုင်ငံသည် အရင်းနှီးဆုံး မိတ်ဆွေနိုင်ငံများဖြစ်သည့်အတွက် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန် အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ (ယာပုံ) စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှေမိုင်းစိတ် မြေဩဇာစက်ရုံဖွင့်ပွဲ တက်ရောက် ဆိုက်ခေါင်နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

**ဆိုက်ခေါင် ဇွန် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရွှေမိုင်းစိတ် မြေဩဇာစက်ရုံဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ဆိုက်ခေါင်-မောက်မယ်သွား ကားလမ်းဘေး ဆိုက်ခေါင်ကျေးရွာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင် တက်ရောက်ဖွင့်လှစ်ပေးသည်။

စက်ရုံဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရွှေမိုင်းစိတ် မြေဩဇာကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမြင့်အောင်သိန်း နှင့် ဦးကျော်ကိုထိုက်တို့က စက်ရုံဖွင့်လှစ်ရခြင်း အကြောင်းအရင်းနှင့် ကျေးဇူးတင်စကား ပြောကြားကာ ရွှေမိုင်းစိတ် မြေဩဇာကုမ္ပဏီလီမိတက်၏ နည်းပညာအကြံပေး စိုက်ပျိုးရေး ပညာရှင် ဦးသက်ဦး (BAg) က အပင်များအတွက် အကျိုးပြုမှုကို ရှင်းလင်းတင်ပြသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် မြေဩဇာစက်ရုံအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်း၊ သရုပ်ဆောင် ကျော်ကျော်နှင့် ဆုမြတ်နိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ရွှေမိုင်းစိတ် မြေဩဇာစက်ရုံမှ သဘာဝဂျစ်ဆမ်မြေဩဇာ၊ သဘာဝဒိုလိုမိုက် မြေပြင်မြေဩဇာများ ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။



ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးခွန်စံလွင်နှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ကျောင်းအုပ် ဦးခွန်အောင်မှန်က ကျောင်းနှင့် ပတ်သက်သည့် အချက်အလက်များကို လည်းကောင်း၊ အမျိုးသမီး အိမ်တွင်းမှုလုပ်ငန်း၊ သက်မွေးပညာသင်တန်း ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက အိမ်တွင်းမှုနှင့် သက်မွေးသင်တန်းကျောင်း အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးခွန်စံလွင်က ကျောင်းသား ကျောင်းသူများအနေဖြင့် စည်းကမ်းရှိစွာ ကြိုးစားသင်ယူပေးကြရန်နှင့် မိမိတို့ရှေ့ဆောင်လမ်းပြကောင်းမှ နောင်လာမည့် မျိုးဆက်သစ်များအတွက် လမ်းပြကောင်းမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို ရင်ဝယ်သားသဖွယ် စေတနာကောင်းဖြင့် မွေးထုတ်သင်ကြားပေးရန် ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးခွန်စံလွင်နှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းသက်မွေးပညာသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီး တို့က လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး(ဝဲပုံ) အိပ်ဆောင်များ၊ စိုက်ပျိုးရေးခြံ၊ ရေသန့်စက်ရုံ၊ စာကြည့်တိုက်၊ စတိုဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

# သူနာပြုသားဖွားဒီပလိုမာသင်တန်း၏ သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်း

**စစ်ကိုင်း ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုသူနာပြု-သားဖွားသင်တန်းကျောင်း အပတ်စဉ် (၂) သူနာပြု သားဖွားဒီပလိုမာ သင်တန်း၏ သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို ဇွန် ၂၈ ရက်က အဆိုပါကျောင်းရှိ သပြေညိုခန်းမတွင် ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဆေးရုံအုပ်ကြီး၊ ကျောင်းအုပ်ဆရာမကြီး၊ သူနာပြုအုပ်ဆရာမကြီးများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ရုရှား – မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) ၌ လက်ခံတွေ့ဆုံသည်။

**နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ – ရုရှား နှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်သူ ကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်ရေး၊ တိုက်ရိုက်လေကြောင်း ခရီးစဉ်တိုးချဲ့ပျံသန်းရေးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများ၊ ရုရှား–မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရုရှား – မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရုရှား – မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှား– မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၉)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုရှား–မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အသင်းအနေဖြင့် ရုရှားနှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေးနှင့် ရေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးနေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားပြီး နှစ်နိုင်ငံ အပြန်အလှန်ခရီးစဉ်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ မှတစ်ဆင့် လျှပ်စစ်၊ စွမ်းအင်၊ သတ္တု၊ စက်မှု၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ နည်းပညာ၊ စိုက်ပျိုးရေးနှင့် ငွေရေးကြေးရေးကဏ္ဍများအပါအဝင် မဟာဗျူဟာမြောက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများနှင့် ရုရှားနိုင်ငံ၌ ကျင်းပပြုလုပ်သည့်ပြပွဲများနှင့် ဖိုရမ်များသို့ ပါဝင်တက်ရောက်ခြင်းကြောင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသာမက ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ကိုယ်စားလှယ်များ တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ရုရှား – မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၂၈**



တပ်မတော်(လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် မိုခါရန်ပုံငွေပဒေသာ ကပွဲနှင့် လေးပွင့်ဆိုင် ဘောလုံး ပြိုင်ပွဲတို့မှ ရရှိသောငွေများကို ရခိုင်ပြည်နယ်ရှိ ဘေးသင့်ပြည်သူ များထံ ကိုယ်တိုင်သွားရောက် လှူဒါန်းရန်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင် များနှင့် အားကစားသမားဟောင်း များ ၆၄ ဦးကို လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် ASEAN Coordinating Centre For Humanitarian Assistance on disaster management(AHA Centre) တို့မှ လှူဒါန်းသည့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်း များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် အခြေခံ စားသောက်ကုန်ပစ္စည်း များ ၁၀ ဒသမ ၃၀၉ တန်ကိုလည်း ကောင်း ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ် သို့ တပ်မတော်(လေ)မှ လေယာဉ် များဖြင့် ပို့ဆောင်ပေးခဲ့သည်။

**ဆက်လက်ပေးပို့ဖြန့်ဖြူး**

သဘာဝဘေးဒဏ်သင့်ဒေသ များရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ ရဟတ်ယာဉ်များဖြင့် အချိန်နှင့် တစ်ပြေးညီ ပို့ဆောင်ပေးလျက် ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ ရေးပစ္စည်း ၅၄၉ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း များတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၅၂ ဦးတို့ကို ပို့ဆောင် ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက် ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန် ရှိသူများက လက်ခံရယူပေးကြ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဇွန် ၂၈**

ဆင်ပေါင်ဝဲမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်အားကစားကွင်းအတွင်း၌ ပြုလုပ်ခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဗီယာန်နှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ဝေအောင်နှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက စုစုပေါင်းပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့ တစ်ဖွဲ့ချင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး တတိယနေ့တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့်လည်းကောင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ရေးချုပ် အဆင့်ရှိ စောစိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း ယနေ့နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနရှေ့ခန်းမ၌ တစ်ဖွဲ့ချင်း သီးခြားစီ တွေ့ဆုံသည်။





ထိုသို့တွေ့ဆုံစဉ် တစ်ဖွဲ့ချင်းစီ၏ တင်ပြချက်များ၊ ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ညှိနှိုင်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ (ALP ၊ DKBA ၊ KNU/KNLA-PC၊ LDU၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တတိယနေ့ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြုလုပ်သည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ရေးချုပ် အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ **(ဝဲပုံ)**

ယင်းနောက်တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (Russian State Atomic Energy Cooperation "Rosatom") မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom တို့ လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်ခဲ့သော အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအစီရင်ခံစာကို Rosatom မှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ပေးအပ်သည်။

**လက်မှတ်ရေးထိုး**

ထို့ပြင် နျူကလီးယားအခြေခံအဆောက်အအုံ အကဲဖြတ်ခြင်းနှင့် မြှင့်တင်ခြင်းကဏ္ဍအတွက် နားလည်မှုစာချွန်လွှာ (Memorandum of Under-standing in the field of Nuclear Infrastructure assemment and enhancement) ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် Rosatom တို့အကြား လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Rosatom မှ တာဝန်ရှိသူများနှင့် ထပ်မံတွေ့ဆုံ၍ ရေအား၊ လေအားနှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးသည်။

**ကူညီပံ့ပိုးဆောင်ရွက်သွားမည်**

ထိုသို့ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလက လက်မှတ်ရေးထိုးခဲ့ပြီး အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှု အစီရင်ခံစာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ လမ်းပြမြေပုံ (Road Map) ပါဖော်ပြချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ကို ယုံကြည်ကြောင်း၊ လျှပ်စစ်ကဏ္ဍအတွက် ရုရှား-မြန်မာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် စိန့်ပီတာစဘတ်စ်၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်အတွင်း ဇွန် ၁၅ ရက်က လေအားလျှပ်စစ်စီမံကိန်းများအတွက် နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ရေအားလျှပ်စစ်နှင့် အခြားအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် နည်းပညာအကူအညီများ ရရှိနိုင်ရေးကို ကူညီပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြန်မာပြည်သူလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် Rosatom မှ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခွင့် ရရှိသဖြင့်ဂုဏ်ယူမိကြောင်း၊ ဆက်လက်၍ အပူစွမ်းအင်သုံးစီမံကိန်းများနှင့် အခြားစီမံကိန်းလုပ်ငန်းများအတွက် Rosatom မှ ပိုမိုရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိကြောင်း၊ MoU ရေးထိုးပြီးသော လေအားလျှပ်စစ်စီမံကိန်းများအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းကို တတ်နိုင်သမျှ ပူးပေါင်းကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အလားအလာကောင်းများစွာ ပိုင်ဆိုင်သည့် မြန်မာနိုင်ငံတွင် Rosatom ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် Rosatom မှ တာဝန်ရှိသူများက ပါဝါပွိုင့်ဖြင့် စီမံကိန်းလုပ်ငန်းများအတွက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ညပိုင်းတွင် Rosatom မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနရှိ ဌာနဆိုင်ရာများအလိုက် စိုက်ပျိုးရန်ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လက်ခံရယူကြသည်။

**ပျိုးပင်များလွှဲပြောင်းပေးအပ်**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အတွက် ပျိုးပင်များကို သစ်တောဦးစီးဌာန နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဦးစီးအရာရှိ ဦးမြင့်လှိုင်က လွှဲပြောင်းပေးအပ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့က ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ကွင်းရှိ သတ်မှတ်နေရာတွင် ကံ့ကော်ပင်နှင့် ခရေပင်တို့ကို ဦးဆောင်စိုက်ပျိုးပေးကြပြီး **(ယာပုံ)** ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကျွန်း၊ မဟော်ဂနီ၊ ခရေနှင့် သစ်ပိတောက်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်၍ စိုက်ပျိုးပေးကြသည်။






ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့် အဖွဲ့သည် ဝန်ထမ်းများနှင့် မိသားစုများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

**ငါးမျိုးစိုက်ထည့်ပေး**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ငါးကန်အမှတ် (၁) တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ငါးမျိုးများကို ဦးစွာ စိုက်ထည့်ပေးကြပြီး **(ဝဲပုံ)** ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၏ ငါးမျိုးစိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့် အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဆိတ်ကောင်ရေ ၁၈၀ မွေးမြူထားရှိမှုနှင့် ၂၀၂၃ ခုနှစ် မိုးရာသီ သရက်စိုက်ကွင်းတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ပျိုးပင်ပေါင်း ၁၄၀၀ နှင့် စိန်တလုံးသရက်ပျိုးပင် ၆၂၅ ပင်၊ စုစုပေါင်း ၂၀၂၅ ပင် စိုက်ပျိုးခဲ့ပြီး ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ အစည်းအဝေးခန်းမ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သောပစ္စည်းများ တင်ဒါတင်သွင်းရန် အောင်မြင်ခဲ့ကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပစ္စည်းအမျိုးအစားများ အလိုက် အရည်အသွေး မှန်ကန်ကောင်းမွန်စေရေးနှင့် အချိန်မီတင်သွင်းနိုင်ရေးတို့အတွက် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၉)ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ဓာတ်သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်းများနှင့် ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းများတွင် နည်းပညာအကူအညီများ ပေးအပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအမှူးများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ရတနာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများတွင် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာ ၅၅၄ တန်နှင့် ဂျပန်နိုင်ငံမှ လှူဒါန်းသော အသင့်စားဆန်ထုပ် ၂၀၀၀၀ ကို မိုခါမုန်တိုင်း တိုက်ခတ်မှုဒဏ်ခံစားခဲ့ရသည့် ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်

**စစ်တွေ ဇွန် ၂၈**

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းအမွေအနှစ်များနှင့် ပြကွင်းပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာသည်။ **(အောက်ပုံ)**

ဂျပန်နိုင်ငံမှ လှူဒါန်းသော အသင့်စားဆန်ထုပ် ၂၀၀၀၀ ကို မိုခါမုန်တိုင်း တိုက်ခတ်မှုဒဏ်ခံစားခဲ့ရသည့် ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သဘာဝဘေးသင့်ဒေသအဖြစ် ကြေညာခဲ့ကြောင်း၊ ASEAN +3 အရေးပေါ် အစီအစဉ်လည်း ဖြစ်ကြောင်း၊ အဆိုပါ လှူဒါန်းဆန်များကို သက်ဆိုင်ရာ ပြည်သူများထံ ထိထိရောက်ရောက် ထောက်ပံ့နိုင်ရေး ကူညီဆောင်ရွက်ပေးကြသည့် (APTERR) အတွင်းရေးမှူးရုံးမှ အဖွဲ့ဝင်များ၊ အလှူရှင်နိုင်ငံများဖြစ်သော ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

## ရှင်းလင်းပြောကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကျားရုပ်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ဂြိစ်ဘက်ကျောင်းတိုက်နှင့် တန်ခိုးကျောင်းတိုက်တို့သို့ ရောက်ရှိကြပြီး ဆွမ်းဆန်တော်၊ ဆီ၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ASEAN +3 အရေးပေါ် အရန်ဆန်ရိက္ခာ APTERR Tier Programme 3 အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာ ၅၅၄ တန်နှင့် ဆန်ရိက္ခာသည် အာဆီယံ (၁၀) နိုင်ငံနှင့် အပေါင်း (၃) နိုင်ငံများအတွင်း သဘာဝဘေးအန္တရာယ်တစ်ခုခုကျရောက်၍ အရေးပေါ်အခြေအနေတွင် လိုအပ်သော ဒေသများသို့ အရန်ဆန်များ ထောက်ပံ့ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသော အစီအစဉ်ဖြစ်ကြောင်း၊ အမှန်တကယ် ဆန်ရိက္ခာလိုအပ်နေသော ပြည်သူများထံသို့ အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ဖြန့်ဝေနိုင်အောင် ဖြည့်ဆည်းပေးသည့် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာ (APTERR) အစီအစဉ်သည် မုန်တိုင်းဒဏ်သင့် ပြည်သူများအပေါ် တိုက်ရိုက်အကျိုးပြုသည့် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က အမှာစကားများ ပြောကြားကြပြီး APTERR အတွင်းရေးမှူး Dr. Choomjet Karnjanakesorn က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## လွှဲပြောင်းပေးအပ်

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ လှူဒါန်းဆန်များကို လွှဲပြောင်းပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က APTERR အတွင်းရေးမှူးထံ ကျေးဇူးတင်လွှာပေးအပ်၍ ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင် ပေးအပ်သည်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး လှူဒါန်းဆန်များကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းထံ လွှဲပြောင်းပေးအပ်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး(ဗဟို)နှင့် ဟာသပညာရှင်များ အစည်းအရုံးတို့၏ ဖျော်ဖြေပွဲသို့ ရောက်ရှိပြီး အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ သဘင်ပညာရှင်များနှင့် ဟာသပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေဟိုတယ်၌ ကျင်းပပြုလုပ်သည့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းသင့်ပြည်သူများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး (ဗဟို)၊ ဟာသပညာရှင်များ အစည်းအရုံးနှင့် Old Star အဖွဲ့က အလှူငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးဇူးတင် နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး(ဗဟို)၊ ဟာသပညာရှင်များ အစည်းအရုံးနှင့် Old Star အဖွဲ့တို့မှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးထံ လှူဒါန်းငွေကျပ် ၁၃၂၂ သိန်း **(အောက်ဝဲပုံ)** နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြပြီး မိုခါရန်ပုံငွေ ဘောလုံးအသင်း တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်ထံ အလှူငွေကျပ် သိန်း ၇၅၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။



ယင်းနောက် ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက အလှူငွေများ ပေးအပ်ခြင်းနှင့် ဖျော်ဖြေမှုအစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့သော Double Win Enter–tainment Co., Ltd. MD ဦးကြည်ဝင်းထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး(ဗဟို)၊ ဟာသပညာရှင်များ အစည်းအရုံးနှင့် Old Star အဖွဲ့တို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၈**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကုလားဘာတောင် ရပ်ကွက်ရှိ သိမ်တောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုများလှူဒါန်းကာ အဆိုပါကျောင်းတိုက်အတွင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှု၍ ဆေးကုသမှုခံယူနေသူများကို ဆီ၊ ရေသန့်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အားပေးစကားများ ပြောကြားသည်။ ထို့ပြင် တောင်ရင်းရပ်ကွက်၊ ဘိုးဘွားရိပ်သာအနီး သုသာန်အဝင်လမ်းဘေး ဝဲ/ယာရှိ စွန့်ပစ်အမှိုက်ပုံကြီးအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ စွန့်ပစ်အမှိုက်များအား သတ်မှတ်နေရာများ၌သာ စနစ်တကျစွန့်ပစ်စေရေး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကကျက်ဘက်ကျေးရွာအုပ်စု ကကျက်ဘက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ နယ်လှည့် ဆေးကုသရေးအဖွဲ့က (အခမဲ့) ဆေးကုသပေးနေမှုအား သွားရောက်ကြည့်ရှု အားပေးစကားများပြောကြားပြီး ဆန်နှင့် စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အဆိုပါ စာသင်ကျောင်းတွင် မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးဆုံးရှုံးသွားသည့် စာသင်ကျောင်းအမိုးပြင်ဆင်ပြီးစီးမှုအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဂိုဒေါင်တွင် မိုခါမုန်တိုင်းကြောင့် လေဘေးသင့် ပြည်သူများကို ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများရောက်ရှိမှု၊ ဖြန့်ဝေထားရှိမှု၊ လက်ကျန်စာရင်းများ ကိုက်ညီမှု ရှိ/မရှိ အခြေအနေများအား စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မြို့တော်ဝန်ခန်းမ၌ ဒေသခံပြည်သူများအား မျိုးစပါးများ ထောက်ပံ့ပေးနေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ် ဝင်းမောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပဏာကမြို့နယ်အတွက် မျိုးစပါးများ တင်ဆောင်လာသော ကားများ ရောက်ရှိလာသဖြင့် အဆိုပါ မျိုးစပါးများအား မြို့နယ်စိုက်ပျိုးရေးရုံးရှိ ဂိုဒေါင်ထဲသို့ စနစ်တကျ ထည့်သွင်းနေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ မြေပုံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်များ ပါဝင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇွန် ၂၈**
ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ် စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၈**
သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဒိုးသောင်ကျေးရွာနှင့် ဇော်ပူဂျာကျေးရွာတို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကုလားဘာတောင် ရပ်ကွက်ရှိ သိမ်တောင်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆီ၊ ရေသန့်နှင့် စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကားလမ်းဘေး၌ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကကျက်ဘက်ကျေးရွာရှိ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များကကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနရှိ ဝန်ထမ်းမိသားစုများနှင့် ဒေသခံပြည်သူများထံ မျိုးစပါးများ ထောက်ပံ့ပေးလျက်ရှိသည်။



ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မြို့တော်ဝန်ခန်းမ၌ ဒေသခံပြည်သူများထံ မျိုးစပါးများ ထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဇွန် ၂၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။



ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ MV. FORTUNE ရေယာဉ်သည် ကာကွယ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ပေးပို့သည့် သွပ် ၁၆၅၆၇၄ ချပ်၊ ခေါင်အုပ်သွပ် ၁၃၂ ဒသမ ၇၇ တန်၊ အမိုးဒိုင်း (Lip Channel) တန် ၁၅၀၊ ထရန်စဖော်မာ နှစ်လုံး၊ သစ်ခွဲသား တန် ၁၅၀၊ ဆန်အိတ် ၁၀၀၊ ရေသန့်ကတ် ၁၀၀၃၀ နှင့် ပျဉ်းပင် ၁၄၀၀၂ ပင် စုစုပေါင်း ၁၅၆၂ ဒသမ ၅၈ တန် တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော် စစ်ရေယာဉ်များ အပါအဝင် ရေယာဉ် ၁၈ စင်းဖြင့် ဆောက်လုပ်ရေးသုံး ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ကျန်းမာရေး ပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၂၆၉၀၀ ဒသမ ၆၄ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်တို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တော်မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့မှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ကျောက်တော် ဇွန် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လှူဒါန်းသော အလှူငွေများကို ကျောက်တော်မြို့နယ် သံဃနာယကအဖွဲ့ဆရာတော်ကြီးများအား လှူဒါန်းခြင်းနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့မှ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌက သစ်တောကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ကျောက်တော်မြို့နယ်အတွင်းရှိ မိုခါမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဘုန်းတော်ကြီးကျောင်းများအား မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၏ စီမံခန့်ခွဲမှုဖြင့် ပြုပြင်နိုင်ရန် ကျောက်တော်မြို့နယ်တာဝန်ခံဗိုလ်မှူးချုပ် အောင်သူဦးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အား ဆက်ကပ်လှူဒါန်းပြီး မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့မှ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်ကြီးများအား ဆန် ၁၁ အိတ်၊ ဆီ ၁၁ ပုံး၊ မာမီးခေါက်ဆွဲ ၁၀ ဖာ၊ ယိုးဒယားဂွမ်းစောင် ၅၅ ထည်၊ မုန့်တီခြောက်အထုပ် ၅၀ တို့ကို လှူဒါန်းကြသည်။ ယင်းနောက် သစ်တောကျောင်းတိုက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

**ဖြူဖြူဝင်း (ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အနုပညာရှင်များ စုပေါင်းအားဖြင့် ရန်ပုံငွေအလှူငွေများ ပေးအပ်၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စိတ်ခွန်အားဖြည့်စွမ်းပေး

**စစ်တွေ ဇွန် ၂၈**

**ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူတို့အတွက် အနုပညာရှင်များ စုပေါင်းအားဖြင့် ရန်ပုံငွေအလှူပေးအပ်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



ဦးစွာ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသပညာရှင်များနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများသည် စစ်တွေမြို့လေဆိပ်သို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင်ရောက်ရှိရာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ခိုင်သဇင်ပန်းခြံ မြို့နယ်ခန်းမ၌ မိုခါမုန်တိုင်းဒဏ်သင့်ဒေသတို့တွင် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့တွင် ရှေ့တန်းမှ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များက မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးဂီတတို့ဖြင့် ဖျော်ဖြေရာ ပရိသတ် ၁၆၀၀ ကျော်တို့က အားပါးတရ ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် အနုပညာရှင်များအဖွဲ့သည် စစ်တွေဟိုတယ်၌ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသပညာရှင်များနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများက အလှူငွေများ လှူဒါန်းကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးထံသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ သဘင်အစည်းအရုံး (ဗဟို) နာယက ဦးချမ်းသာတို့က ငွေကျပ် ၁၃၂၂ သိန်းကို လည်းကောင်း၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းထံသို့ မိုခါရန်ပုံငွေဘောလုံးပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းဦး၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးမျိုးလှိုင်ဝင်း၊ မိုးယံဇွန်၊ အစ္စဏီ၊ နက္ခတ်တို့က ငွေကျပ်သိန်း ၇၅၀ ကိုလည်းကောင်း၊ သိန်း ၄၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်း က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း မုဒိတာစကား ပြောကြားသည်။



မွန်းလွဲပိုင်းတွင် အနုပညာရှင်များအဖွဲ့သည် စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်တွင် မြို့ခံပြည်သူများနှင့် ကူညီကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေကြရာ ပြည်သူများ စိတ်ခွန်အား လန်းဆန်းတက်ကြွစွာဖြင့် သောင်းသောင်းဖြဖြ ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အနုပညာရှင်များအဖွဲ့သည် စစ်တွေမြို့ အုန်းတစ်ပင်ရပ်ကွက်၊ ဦးအောင်ဇံဝေလမ်း၌ မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူ ၂၀၀၀ ခန့်အား စားသောက်ကုန်ပစ္စည်းများကို လက်ရောက်လှူဒါန်းကြရာ **(အပေါ်ပုံ)** ပြည်သူချစ်သော အနုပညာရှင်များကို တွေ့မြင်ရသည့် ဒေသခံတို့သည် မောပန်းမှုများ ပြေပျောက်ကာ စိတ်ခွန်အားများ ရရှိခဲ့ကြသည်။

ပြည်သူချစ်သော အနုပညာရှင်များသည် ကျေးဇူးရှင် ပြည်သူပရိသတ်တို့၏ အားပေးမှုအပေါ် တုံ့ပြန်သောအားဖြင့် ပြည်သူများ ဘေးဒုက္ခကြုံတွေ့ရချိန်တိုင်း အားပေးကူညီထောက်ပံ့မှု၊ လှူဒါန်းမှုနှင့် ဖျော်ဖြေမှုများဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိစေရန် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည့်နည်းတူ ယခုမိုခါမုန်တိုင်းအန္တရာယ် ကြုံတွေ့ပြီး ထိခိုက်ခံစားကြရသည့် ရခိုင်ပြည်နယ်မှ ပြည်သူများအတွက်လည်း အားပေးကူညီ ထောက်ပံ့လှူဒါန်းမှုနှင့် ဖျော်ဖြေမှုများကို စေတနာအလျောက် စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမှုကြောင့် ယင်းဒေသရှိ မိဘပြည်သူများအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် နေ့စဉ်ရက်ဆက် ပါဝင်ဆောင်ရွက် ပေးနေကြသော တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အခြားဆက်စပ်ဝန်ထမ်းများလည်း ဖျော်ဖြေရေး အစီအစဉ်များတွင် ပျော်ရွှင်စွာ ပါဝင်သီဆိုကခုန်ကြပြီး စိတ်ခွန်အားသစ်များ ရရှိကြသဖြင့် ထိရောက်မှုရှိသော အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေထောက်ပံ့မှုနှင့် ဖျော်ဖြေရေးအစီအစဉ်များ ကူညီအားဖြည့်ခဲ့ကြသည့် အနုပညာရှင်များအဖွဲ့သည် ယနေ့ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော်  ဇွန်  ၂၈**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အထူးစီးပွားရေးဇုန်အလိုက် ဆောင်ရွက်ရန်ကိစ္စများ၊ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၃ ကျင်းပ

**ရန်ကုန်  ဇွန်  ၂၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သိပ္ပံပွဲတော် ၂၀၂၃ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာ တက္ကသိုလ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ "ROSATOM" မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက သိပ္ပံပွဲတော်ကျင်းပခြင်းအားဖြင့် အခြေခံပညာအဆင့်မှသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကဏ္ဍအလိုက် တာဝန် ထမ်းဆောင်နေသည့် လူငယ်ပညာရှင်များအထိ နျူကလီးယားပညာရပ် အပါအဝင် သိပ္ပံဆိုင်ရာ အသိအမြင်များ၊ အတွေ့အကြုံ ဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများကို လေ့လာစူးစမ်းလိုစိတ် ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်းနှင့် မီဒီယာများမှတစ်ဆင့် နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့် နျူကလီးယား စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ "ROSATOM" မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်များမှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပြခန်းများနှင့် ပညာရေးဝန်ကြီးဌာန၏ ရွေ့လျားသိပ္ပံပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သိပ္ပံပွဲတော်ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတို့တွင် ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် နျူကလီးယား နည်းပညာနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ ကျင်းပပေးပြီး ဆုများလည်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူ လူငယ်ပညာရှင်များပါဝင်သည့် အဖွဲ့လိုက် ပြိုင်ပွဲ၊ အဖွဲ့လိုက်သရုပ်ပြပြိုင်ပွဲများ၊ ရန်ကုန်နည်းပညာတက္ကသိုလ်အတွင်း လေ့လာရေးအစီအစဉ်များ၊ အင်ဂျင်နီယာကျောင်းသား ကျောင်းသူများက နျူကလီးယား စွမ်းအင်နှင့် ဆက်စပ် သိပ္ပံခေါင်းစဉ်များအလိုက် ဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်သူများက ပြန်လှန်မေးမြန်း ဆွေးနွေးခြင်းများ၊ မီဒီယာများအတွက် နျူကလီးယားဆိုင်ရာ အသိပညာများမျှဝေခြင်း အစီအစဉ်များ ပါဝင်သည်။

ယနေ့ သိပ္ပံပွဲတော်ကျင်းပစဉ်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ "ROSATOM" ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်၍ နိုင်ငံတော်အတွင်း နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရေးနှင့် နျူကလီးယားနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲညှိနှိုင်းကော်မတီ ဆွေးနွေးပွဲကို ကျင်းပရာ ဆက်စပ်ဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ စုံလင်စွာတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှု

**နေပြည်တော်  ဇွန်  ၂၈**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရွှေပြည်တော်ဝင်လမ်း မြို့ဝင်ဘီးခွန်ကောက်ဂိတ်နှင့် ဥတ္တရသီရိမြို့နယ်ရှိ ရွှေနံ့သာရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်း မိုင်တိုင်(၁၂)အနီးတွင် မြို့ဝင်ကြေးဘီးခွန်ကောက်ဂိတ်အသစ် တည်ဆောက်ရန် လျာထားမြေနေရာသို့ သွားရောက်ကြည့်ရှုကာ ဂိတ်အသစ်ဆောက်လုပ်မည့် လုပ်ငန်းအစီအမံများကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ သွားရောက်ကာ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်တို့မှ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် လစဉ်လှူဒါန်းသည့် တစ်နေ့တာ အာဟာရဒါနကုသိုလ်အဖြစ် အလှူငွေကျပ်ကိုးသိန်း ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်အတွင်း ဗေဒါပင်များ ဆယ်ယူခြင်းနှင့် ကန်သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ **(ယာပုံ)** တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။





ယင်းနောက် မြို့တော်ဝန်က ဆယ်ယူရရှိသော ဗေဒါနှင့် ဒိုက်ပင်များကို ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အီးအမ်ဘိုကာရှီ သဘာဝ မြေဆွေးပြုလုပ်၍ နှစ်ရှည်၊ နှစ်တိုပင်များနှင့် အလှပန်းပင်များအတွက် ပြန်လည်အသုံးပြုရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မုတ်သုံလေ အားအသင့်အတင့်ရှိမည်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်



**နေပြည်တော် ဇွန် ၂၈**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၅၆ မီတာ ကမ်းထိုးရေယာဉ် နှစ်စင်းသည် မြန်မာ့သစ်လုပ်ငန်းမှ သစ်ခွဲသား ဆိုက်စုံ ၁၃၆၁၃ ချောင်း စုစုပေါင်း တန် ၂၀၀ ခန့်အား တောင်ကုတ်မြို့၌ တင်ဆောင်၍ ရသေ့တောင်သို့ ယနေ့ညနေပိုင်းတွင် ထွက်ခွာသွားသည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ အမှတ်(၂)ရပ်ကွက်နေ ဆန်းလွင်သည် ၎င်းအသုံးပြုသည့် “San Lwin” Facebookအကောင့်၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာနေ ခင်သက်ဝေ(ခ) ဖူးဖူးသည် ၎င်းအသုံးပြုသည့် “Khin Thet Wai” Facebook အကောင့်နှင့် တောင်တွင်းကြီးမြို့နယ် ရွှေအိုး(၁)ရပ်ကွက်နေ မြတ်မျိုးဇော်(ခ)ကိုမျိုးသည် ၎င်းအသုံးပြုသည့် “Myat U Paing” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျော်ဖုံးမှ*

အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုပုံစံ မှုမမှန်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မှုမမှန်ခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။ **မိုး/ဇလ**

❍ *ကျော်ဖုံးမှ*

**အုပ်ချုပ်သူ** – ဦးတင်မြင့်အောင်၊ **နည်းစနစ်အကြံပေး** – ယုကီတက်ဆုရို၊ **နည်းပြချုပ်** – ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ** – ဒေါ်စန်းစန်း မော်၊ **ဂိုးနည်းပြ** – ဦးစိန်အေး၊ **ကြံ့ခိုင်ရေးနည်းပြ** – ဦးထွန်းဇော်၊ ပဏာမကစားသမားများအဖြစ် **ဂိုးသမား–** မေဦးခင် (အား/ကာသိပ္ပံ)၊ ဖီးဗေ(ရန်ကုန်ယူနိုက်တက်)၊ သူဇာအောင် (သစ္စာအားမာန်)၊ အိတာရာ (အား/ကာသိပ္ပံ ရန်ကုန်)။ **နောက်တန်း** – ဖြူဖြူဝင်း (မြဝတီ)၊ ဝေဖူးအိမ်၊ ဒီဇင်ဘာနှင်း (သစ္စာအားမာန်)၊ ဖြူဖွေး၊ ရွှန်းလဲ့နိုင်၊ ယုယုနိုင်၊ မင်းမင်းနု(ရန်ကုန်ယူနိုက်တက်)၊ ခင်ငွေးကြိုင် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ကြယ်စင် (အား/ကာသိပ္ပံ)၊ ငြိမ်းငြိမ်းဖြိုး (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ **အလယ်တန်း** – မေသက်မွန်မြင့် (သစ္စာအားမာန်)၊ ဒေစီအောင် (ရန်ကုန်ယူနိုက်တက်)၊ နှင်းပွင့်အေး၊ ဟေမာန်စိုး(အား/ကာသိပ္ပံ)၊ ဝေဟင်ဖြိုး၊ စန္ဒာလင်း၊ သိင်္ဂီထွေး၊ သဲအိမွန်သောင်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ကေသွယ်ဖြိုးဦး(အား/ကာသိပ္ပံ ရန်ကုန်)၊ မြနှင်းဝေ (မကွေးတိုင်းဒေသကြီး)၊ **ရှေ့တန်း** – ဇင်မိုးပြည့်၊ စုစုကြည် (ရန်ကုန်ယူနိုက်တက်)၊ ယဉ်လွန်းအိမ် (အား/ကာသိပ္ပံ)နှင့် ယွန်းဝတီလှိုင် (အား/ကာသိပ္ပံ မန္တလေး)တို့ ပါဝင်ကြသည်။ ၂၀၂၃ အာဆီယံအမျိုးသမီး ယူ-၁၉ ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ပလမ်ဘမ်မြို့၌ ဇူလိုင် ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ တီမော၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ဂ) တွင် ထိုင်း၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုသုံးခုမှ အုပ်စုပထမရ သုံးသင်း၊ အကောင်းဆုံးအုပ်စု ဒုတိယတစ်သင်း စုစုပေါင်းလေးသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်မည် ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၈ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇူလိုင် ၁၀ ရက်တွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ – MFF**

### နိုင်ငံတကာသတင်း

## မက်တာဗားစ်နှင့် ဉာဏ်ရည်တု (AI) နည်းပညာများကို တိုကျို၌ သုံးရက်ကြာပြသမည်

**တိုကျို ဇွန် ၂၈**

မက်တာဗားစ်နှင့် ဉာဏ်ရည်တု (AI) နည်းပညာများကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ သုံးရက်ကြာ ပြသသွားမည်ဖြစ်ပြီး အဆိုပါပြပွဲကို ဇွန် ၂၇ ရက်က စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဂျပန်၊ အစ္စရေးနှင့် တရုတ်ကုမ္ပဏီများက နည်းပညာများကို ထည့်သွင်းပြသမည်ဖြစ်သည်။ နည်းပညာကုမ္ပဏီကြီး တစ်ခုဖြစ်သည့် NTT ၏ လက်အောက်ခံကုမ္ပဏီ တစ်ခုသည် မက်တာဗားစ် ကဖေးလ်ကို တင်ဆက်ပြသမည်ဖြစ်သည်။ လာရောက်ကြည့်ရှုသူများသည် ဆိုင်ဝန်ထမ်းကိုယ်စားပြု အဗက်တာများနှင့် ကွန်ပျူတာမျက်နှာပြင်တွင် စကားပြောဆိုနိုင်မည်ဖြစ်သည်။



AI နည်းပညာဖြင့် ဖန်တီးထားသည့် ရုပ်ပုံများကို တွေ့ရစဉ်။

ပြပွဲကျင်းပသူက AI သည် ဈေးဝယ်များ၏အသံနှင့် အမူအရာတို့ကို ခွဲခြမ်းစိတ်ဖြာပြီး ၎င်း၏စိတ်ခံစားချက်ကို ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း ပြောသည်။ ထုတ်ကုန်လာရောက်ကြည့်ရှုသူများအား အကြံပြုရောင်းချရန် ဒေတာကို အသုံးပြုနိုင်မည်ဖြစ်သည်။

အိုဆာကာအခြေပြု Utsubo နည်းပညာကုမ္ပဏီသည် သုံးဖက်မြင် အဗက်တာများကို အသုံးပြု၍ လူအများအလုပ်လုပ်နိုင်သည့် မက်တာဗားစ်ကုမ္ပဏီ၏ ကျယ်ပြန့်သောရုံးခန်းကို ပြသထားသည်။

၎င်း၏ အမှုဆောင်အရာရှိက အိမ်မှ အလုပ်လုပ်သော အလုပ်သမားများကြား ပုံမှန်ပြောဆို ဆက်သွယ်ခြင်းသည် အရေးကြီးသောကိစ္စရပ် တစ်ခုဖြစ်ကြောင်း ပြောသည်။ သုံးဖက်မြင် အဗက်တာများသည် နေရာတစ်ခုတည်းတွင် အတူတူရှိပါက အသုံးပြုသူများ၏ စိတ်ခံစားချက်ကို ကူညီပေးနိုင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ



ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေသော ပို့ကုန် အသာစီးရသည့် ကော့သောင်းကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ ပို့ကုန်တန်ချိန် ၂၅၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၇၈ သန်း၊ သွင်းကုန် တန်ချိန် ၃၃၄ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၀ ဒသမ ၂၉၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၀ ဒသမ ၅၇၀ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ငါးပြက် ၇ ဒသမ ၆၅၀ တန်၊ ငါးတံခွန် ၈ ဒသမ ၅၇၀ တန်၊ ငါးနီငယ် ခြောက်တန်၊ သီဟိုဠ်စေ့ ငါးတန်၊ တူးခက် ၂ ဒသမ ၅၅၀ တန်၊ ငါးဗျောသီး ၁ ဒသမ ၁၂၀ တန်၊ တာတို ၁ ဒသမ ၀၄၀ တန်၊ ပုစွန် ၀ ဒသမ ၀၆ တန်၊ ငါးရွှေ ၀ ဒသမ ၁၇၀ တန်နှင့် ငါးစင်္ကြူ ၀ ဒသမ ၀၈ တန်တို့ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ် တန် ၂၀၀၊ ဓာတ်ဆီ တန် ၅၀၊ ပလတ်စတစ်ရေခဲပုံး ၁၂ တန်၊ ဆား တန် ၂၅၀၊ ပလတ်စတစ်လိပ် ၁၉ တန်၊ ငါးထည့်သည့် ပုံးအပြာ ၁၀ တန်၊ ငှက်သိုက် တစ်တန်၊ ငါးထည့်သည့်ခြင်း ငါးတန်၊ မီးသွေး မှုန့် ၂၇ တန်နှင့် ငါးဖမ်းပိုက် သုံးတန်တို့ဖြစ်သည်။

ဇွန် ၂၈ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၃၉ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၇ ဒသမ ၈ ကျပ်ခန့်ဖြစ်သည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၁၁၇၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၁၁၂၅၀ ခန့်ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

DOT (ကော့သောင်း)

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဇွန် ၂၇ ရက်တွင် ပို့ကုန်တန်ဖိုးကန် ဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၆၄၇ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၉၉၀ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ခဲသွပ်အရောသတ္တု ၅၁၁ တန်၊ မြေထောက်ပဲ ၁၃၄ ဒသမ၅ တန်၊ ငါးရှဉ့် ၄၅ ဒသမ ၁၂၀ တန်၊ ပုစွန်ဖွဲ ၂၄၅ တန်၊ ကဏန်း ၂၃ ဒသမ ၉၇၅ တန်၊ ထောပတ်ပဲ ၆၈ တန်၊ နနွင်းတက် ၁၂၄ ဒသမ ၈ တန်၊ ဝါဂွမ်း ၃၃ ဒသမ ၀၁၇ တန်၊ သရက်သီး ၁၀၇ ဒသမ ၂ တန်နှင့် သကာရည် ၁၀၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဓာတ်ဆီ၊ ဆိုလာပြား၊ သွပ်လိပ်၊ သံပိုက်၊ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဒီဇယ်ဆီ၊ ဘက်ထရီ၊ သံပေါင်၊ စပျစ်သီးနှင့် စီးကရက်ကုန်ကြမ်းတို့ဖြစ်သည်။

ဇွန် ၁ ရက်မှ ၂၇ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၃၈ ဒသမ ၂၂၆ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၅၂ ဒသမ ၄၇၆ သန်း၊ ကုန်သွယ်မှု တန်ဖိုးကန်ဒေါ်လာ ၉၀ ဒသမ ၇၀၂သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်းတစ်ယွမ် လျှင် ၂ ၉၃ ဒသမ ၇၈၂ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်သည်။

DOT (မူဆယ်)

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ပဲတီစိမ်း၊ နိုင်လွန်ပဲနှင့် ပြောင်း တင်ပို့နိုင်

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန် ၂၆ ရက်မှ ၂၇ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ပဲတီစိမ်း တန်ချိန် ၆၆ တန်၊ နိုင်လွန်ပဲ တန်ချိန် ၃၃ တန်၊ ပြောင်းတန်ချိန်၂၂ တန်တို့ အများဆုံးတင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ပဲတီစိမ်းတစ်တန်လျှင် ၆၅၅ ဒေါ်လာ၊ နိုင်လွန်ပဲ တစ်တန်လျှင် ဒေါ်လာ ၇၀၀၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ ရှိ၍ သယ်ယူပို့ဆောင်ခမှာ ဗန်းမော်မှ လွယ်ဂျယ်သို့ ပို့ကုန်တစ်ပိဿာလျှင် ၇၂ ကျပ်ရှိကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ပိတ်လိပ်တန်ချိန် ၉၇ ဒသမ ၅၀ တန်၊ ကုန်စုံတန်ချိန် ၇၂ ဒသမ ၂၀ တန်၊ ကော်စေ့တန်ချိန် တန် ၃၀၊ ပီနံအိတ်တန်ချိန် ၂၇ တန်၊ ဓာတ်မြေသြဇာတန်ချိန် ၃၂ တန်၊ ပလတ်စတစ်လိပ် တန်ချိန် ၁၆ တန်၊ ဂျပ်စက္ကူတန်ချိန် ရှစ်တန်၊ စက်နှင့်စက်ပစ္စည်းအရေအတွက် ခြောက်ခုတို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်း ဈေးနှုန်းများအနေဖြင့် ပိတ်လိပ်တစ်တန်လျှင် ၅၉၇ ဒေါ်လာ၊ ကော်စေ့တစ်တန်လျှင် ဒေါ်လာ ၁၀၀၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ဓာတ်မြေသြဇာတစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပလတ်စတစ်လိပ် တစ်တန်လျှင် ဒေါ်လာ ၇၀၀ နှင့် ဂျပ်စက္ကူတစ်တန်လျှင် ဒေါ်လာ ၃၅၀ ဖြစ်သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဇွန် ၂၇ ရက်တွင် တစ်ယွမ်လျှင် ၄၂၄ ကျပ်ဖြစ်သည်။

DOT (လွယ်ဂျယ်)

# နွေပဲတီစိမ်းများ လှိုင်လှိုင်ပေါ်၍ ဈေးအနည်းငယ်ကျဆင်း

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ မူးမြစ်ဝှမ်းဒေသများမှ ပဲတီစိမ်းများ ဝင်ရောက်လျက်ရှိကြောင်း၊ ဇွန်လဒုတိယအပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းပေါက်ဈေးမှာ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၄၃၀၀ ရှိခဲ့ပြီး ဇွန်လ တတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းပေါက်ဈေးမှာ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ရှိ၍ တစ်ပတ်အတွင်း တင်း ၃၅၀၀၊ တန်အားဖြင့် ၁၁၄ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇွန်လဒုတိယပတ်နှင့် တတိယပတ် ဈေးနှုန်း နှိုင်းယှဉ်ပါက ဇွန်လတတိယအပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၄၃၀၀ လျော့နည်းသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## ၂၈-၆-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၉၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၅၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၈၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၅၀ | | ၁၆၀၀၀ | ၇၈၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၇၂၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၆၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၅၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၇၆၀၀ | ၇၅၀၀ | ၄၈၀၀ | ၈၆၀၀ | ၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၈၆၀၀ | ၇၅၀၀ | ၄၆၀၀ | ၁၁၀၀၀ | ၈၀၀ | ၇၈၀၀ | ၆၅၀၀ | ၄၉၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၉၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၅၅၀ | ၃၁၅၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၇၇၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၇၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၇၈၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၃၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၃၅၀၀ | ၇၇၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၈၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၇၆၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၈၀၀ | ၇၈၀၀ | | ၉၀၀၀ | ၆၀၀ | ၈၃၀၀ | ၆၈၀၀ | ၃၂၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၈၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ ကျိုင်းတုံနှင့် ပြည်တွင် ငွေကျပ် ၃၀၀၊ တောင်ကြီးတွင် ငွေကျပ် ၁၀၀၊ မုံရွာနှင့် ပဲခူးတွင် ငွေကျပ် ၂၀၀၊ ပခုက္ကူတွင် ငွေကျပ် ၆၀၀၊ မန္တလေးတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မန္တလေးတွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၂၀၀၊ ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၅၀၀၊ ပဲခူးတွင် ငွေကျပ် ၁၀၀၊ အာလူးတစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ ပခုက္ကူတွင် ငွေကျပ် ၁၀၀ ဈေးတက်ခဲ့ပါသည်။
(၂) ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၊ ချင်း တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၅၀၀၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ကြက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

# KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့

**နေပြည်တော် ဇွန် ၂၈**

ကယားပြည်နယ်အတွင်း နယ်စပ်ဒေသလုံခြုံရေးနှင့် ဒေသခံပြည်သူများ၏ လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် တောင်လှစခန်း၊ မယ်တန္တယ်စခန်း၊ ဘီပီ-၁၄ စခန်း၊ မယ်စဲ့စခန်းနှင့် နမ်ပေါင်စခန်းတို့အား KNDF နှင့် KNPP အကြမ်းဖက် လက်နက်ကိုင်အဖွဲ့တို့က အင်အားအလုံးအရင်းဖြင့် ဇွန် ၁၃ ရက်မှ ၁၉ ရက်အထိ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ဇွန် ၁၆ ရက်တွင် ပန်တိန်းဒေသရှိ တပ်မတော်ကွပ်ကဲမှုအောက် အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်သည် ဆက်သွယ်မှုများ ပြတ်တောက်ခဲ့သည်။

**ဆက်သွယ်မှုပြန်လည်ရရှိ**

ဇွန် ၁၇ ရက်နံနက်ပိုင်းတွင် အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်အရာရှိတစ်ဦးနှင့် ဆက်သွယ်မှုပြန်လည်ရရှိခဲ့ပြီး ၎င်း၏သတင်းပို့ချက်အရ အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်မှ အသွင်ပြောင်း တပ်ဖွဲ့ဝင်အချို့သည်တပ်ဆင်ပေးထားသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်ဖျက် တောခိုခဲ့ပြီး KNPP အကြမ်းဖက် လက်နက်ကိုင်အဖွဲ့နှင့် KNDF အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းသွားကြောင်း၊ ၎င်းတပ်တွင် တာဝန်ထမ်းဆောင်လျက် ရှိသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအား သက်ဆိုင်ရာ ရုံး၊ အဆောက်အဦ အသီးသီးတွင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားကြောင်း သိရှိရသည်။

**ပြန်လည်သိမ်းပိုက်နိုင်ခဲ့**

ထို့ကြောင့် ယင်းနေ့ နံနက်ပိုင်းတွင် တပ်မတော်အနေဖြင့် လေကြောင်းချီတပ်ဖွဲ့များ အသုံးပြု၍ ကွန်မန်ဒိုနည်းဖြင့် ချီတက်ချဉ်းကပ်ကာ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူရယူပြီး အဆင့်ဆင့် ချီတက်တိုက်ခိုက်ခဲ့ရာ မွန်းလွဲပိုင်းတွင် အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်ကို ပြန်လည်ထိန်းချုပ် သိမ်းပိုက်နိုင်ခဲ့ပြီး တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကို ကယ်တင်၍ ရဟတ်ယာဉ်များဖြင့် လုံခြုံစိတ်ချရသည့် နေရာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

**အဆင့်ဆင့်ချီတက်တိုက်ခိုက်**

ထို့အတူ စွတ်ပိုင်ဒေသရှိ အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်သည်လည်း ဇွန် ၁၇ ရက်တွင် ဆက်သွယ်မှု ပြတ်တောက်ခဲ့ရာ တပ်မတော်အနေဖြင့် လေကြောင်းချီတပ်ဖွဲ့ စေလွှတ်ရန် ကြိုးပမ်းခဲ့သော်လည်း ရာသီဥတု အခြေအနေအရ အသုံးမပြုနိုင်သဖြင့် ကွန်မန်ဒိုတပ်ဖွဲ့များဖြင့် အဆင့်ဆင့် ချီတက်တိုက်ခိုက်ခဲ့ရာ ဇွန် ၂၇ ရက် ညနေပိုင်းတွင် အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်အား ပြန်လည်ထိန်းချုပ် သိမ်းပိုက်နိုင်ခဲ့သည်။ ၎င်းတပ်အား ပြန်လည်ထိန်းချုပ်ရရှိချိန်တွင် တာဝန်ထမ်းဆောင်လျက် ရှိသည့် တပ်မတော်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပျောက်ဆုံးလျက်ရှိသဖြင့် အမြန်ဆုံး ကယ်ဆယ်နိုင်ရေး ရှာဖွေရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

**ထိတွေ့တိုက်ပွဲများဖြစ်ပွား**

အဆိုပါ အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်နှင့် အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်တို့အား တိုက်ခိုက်သိမ်းပိုက်ရာတွင် အပြန်အလှန် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်မျိုးစုံ ၄၁ လက်၊ ခဲယမ်းမျိုးစုံ ၉၂၇ တောင့်၊ ဗုံးသီးမျိုးစုံ ၂၈ လုံးနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်းနှင့် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**ပြန်လည်သိမ်းပိုက်နိုင်ရေး**

တပ်မတော်အနေဖြင့် KNDF နှင့် KNPP အကြမ်းဖက် လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် မယ်စဲ့ဒေသမှ စခန်းအချို့အား အမြန်ဆုံး ပြန်လည်သိမ်းပိုက်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသရှိ အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်ရင်းရုံးအား တွေ့ရစဉ်။



KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်ရင်းဗဟိုကင်းအား တွေ့ရစဉ်။



KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်မှူးရုံးခန်းအား တွေ့ရစဉ်။



KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ရွာသစ်မြို့ ရွှေကျောင်းဘုန်းကြီးကျောင်းရှိ အကြမ်းဖက်သမားများကြောင့်နေရပ်စွန့်ခွာနေရသူများအား အားပေးစကားပြောကြားစဉ်။











KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက် သိမ်းပိုက်စဉ် ရရှိခဲ့သည့် လက်နက်ခဲယမ်းများအား တွေ့ရစဉ်။







KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် ရရှိခဲ့သည့် အကြမ်းဖက်သမားများ၏ အသုံးအဆောင်ပစ္စည်းများနှင့် ကင်းစခန်းများ။


# တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်ကကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့နှင့် ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများဖြစ်ပွားစေရန် နောက်ကွယ်မှသွေးထိုးလှုံ့ဆော်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၈

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံများ၌ အလုပ်သမားများ စုဝေးဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်စေရန်အတွက် တရားဝင်ဖွဲ့စည်းထားခြင်း မဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်က ကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့မှ သူရိန်အောင် ခေါင်းဆောင်၍ သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ သွေးထိုးလှုံ့ဆော်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြည်သူလူထု၏ သတင်းပေးပို့မှုကြောင့် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ Action Labour Right အမည်ခံအဖွဲ့မှ သန္တာစိုးလင်းနှင့် ဖြိုးမြတ်မြတ်သင်းတို့ကို လည်းကောင်း၊ Action Labour Right အမည်ခံအဖွဲ့အား အားပေးကူညီသူ ဟိန်းမင်းဇော်ကို လည်းကောင်း၊ Action Labour Right အမည်ခံအဖွဲ့နှင့် ပူးပေါင်း၍ စက်ရုံများတွင် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိသည့် ဟိုစိမ့်(မြန်မာ)အထည်ချုပ်စက်ရုံမှ အောင်အောင်၊ သူသူစံ၊ သန္တာအေး၊ အေးသန္တာဌေး၊ မေသူမင်းတို့ကို လည်းကောင်း၊ Sun Apparel Myanmar အထည်ချုပ်စက်ရုံမှ သီတာဝင်းနှင့် ကိုထက် (ခ) လှိုင်ဝင်းထက်တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအား စစ်ဆေး ဖော်ထုတ်ချက်အရ Action Labour Right အမည်ခံအဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ သူဇာ ဦးဆောင်၍ ဖေဖော်ဝါရီ ၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၅)ရပ်ကွက်ရှိ ကောင်း(၁) ထမင်းဆိုင်အပေါ်ထပ်၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ၂၀ ခန့်အား စည်းရုံးသိမ်းသွင်းကာ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြောင်း၊ ထိုသို့သွေးထိုးလှုံ့ဆော်မှုကြောင့် ဇွန် ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်ရှိ ဟိုစိမ့်(မြန်မာ) အထည်ချုပ်စက်ရုံမှ အလုပ်သမားအချို့သည် လုပ်ငန်းခွင်ဝင်ရောက်ခြင်းမပြုဘဲ စက်ရုံရှေ့တွင် စုဝေး၍ လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်




Sun Apparel Myanmar အထည်ချုပ် စက်ရုံမှ အလုပ်သမားအချို့သည် လုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ စက်ရုံအတွင်း၌ စုဝေး၍လည်းကောင်း ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ စက်ရုံ၊ အလုပ်ရုံများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရေး နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ရာတွင် ပါဝင်ခဲ့သည့် Action Labour Right အမည်ခံအဖွဲ့၊ ဟိုစိမ့်(မြန်မာ)အထည်ချုပ်စက်ရုံနှင့် Sun Apparel Myanmar အထည်ချုပ် စက်ရုံတို့မှ တရားခံ ၁၀ ဦးအား တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်းနှင့် ထွက်ပြေး တိမ်းရှောင်လျက်ရှိသည့် Action Labour Right အမည်ခံအဖွဲ့မှ သူရိန်အောင်၊ သူဇာနှင့် ဆက်စပ်တရားခံများ၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော် ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းမြို့နယ်အတွင်း ခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက် / ခဲယမ်းများနှင့် အကြမ်းဖက်သမားအလောင်းအချို့ သိမ်းဆည်းရရှိ

နေပြည်တော် ဇွန် ၂၈

စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာအနီး လက်နက် / ခဲယမ်းများနှင့်အတူ ခိုအောင်းနေသော အကြမ်းဖက်အဖွဲ့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၅ ရက်တွင် တိုက်ခိုက်ချေမှုန်းခဲ့ရာ အလောင်းအချို့နှင့် လက်နက်မျိုးစုံ ၄၂ လက်၊ ကျည်မျိုးစုံ ၅၀၀၉ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် အချို့သော အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေး၍ စဉ့်ကိုင်ကျေးရွာအနီးတွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာ ခိုအောင်းလျက်ရှိကြောင်း အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင်သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမား အလောင်းအချို့၊ လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းမြို့နယ် စဉ့်ကိုင်ကျေးရွာ၌ လက်နက်/ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်းနှင့် ဇွန် ၂၅ ရက်ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာအနီး လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ချေမှုန်းရာတွင် ထွက်ပြေး လွတ်မြောက်လာသည့် အကြမ်းဖက်သမားများသည်လည်း ပူးပေါင်းအခြေပြုနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးခဲ့သဖြင့် ပိတ်ဆို့ရှင်းလင်းရေး အဖွဲ့က တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားအချို့၏ အလောင်းများနှင့် စနိုက်ပါ သေနတ် တစ်လက်အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်း/ ဗုံးသီးများ၊ ကျည်အိမ်များ၊ ကျည်မျိုးစုံ ၁၄၁၂ တောင့်၊ ဒီတိုနေတာ ၁၀ ခု၊ လမ်းလျှောက်စကားပြောစက် ၆ လုံး၊ လက်ကိုင်ဖုန်း ၈ လုံးနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။



စစ်ကိုင်းမြို့နယ် စဉ့်ကိုင်ကျေးရွာ၌ ခိုအောင်းနေသော PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ တွေ့ရစဉ်။



ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းမှ ထပ်မံသိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ တွေ့ရစဉ်။

ထို့ပြင် ကျေးရွာအတွင်း ဖော်ထုတ်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းမှ ရှော့တိုက်ဒုံးပစ်စင် ၄ ခု၊ လက်လုပ်ဗုံးသီး ၁၇ လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၈ ခုနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နီးစပ်ရာ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

ဖြစ်စဉ်တွင် သိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါလက်နက်များကို ကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင် မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ထားသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော်  ဇွန်  ၂၈**

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ်ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များဘောလုံးပြိုင်ပွဲ သတ္တမနေ့ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများတွင် ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အုပ်စု(ဂ) ပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာန (က) အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန(က)အသင်းက ရှစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိသွားသည်။

ညနေပိုင်းတွင် အဆိုပါ လေ့ကျင့်ရေးကွင်းအမှတ်(၃) ၌ အုပ်စု(ခ)ပွဲစဉ်အဖြစ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ထို့အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(ခ)မှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ တစ်သင်းနှင့် တစ်သင်း ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိ သရေကျခဲ့သည်။

ယနေ့ကျင်းပသည့် အုပ်စုပွဲစဉ်များ၏ ယှဉ်ပြိုင်ကစားမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**



ဇွန်၂၉ ရက်တွင် ပြိုင်ပွဲကို ခေတ္တရပ်နားမည်ဖြစ်ပြီး ဇွန် ၃၀ ရက်တွင် သတ်မှတ်ထားသည့် အုပ်စုအလိုက် အုပ်စု ပထမ၊ ဒုတိယ၊ တတိယအသင်းများ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ဇူလိုင် ၂ ရက်တွင် အုပ်စုပွဲစဉ်များမှ အနိုင်ရရှိလာသည့် အသင်းများက အကြိုဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "ပါးပါးလေးပါ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော်  ဇွန်  ၂၈**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် **"ပါးပါးလေးပါ" တေးဂီတဖျော်ဖြေပွဲ**ကို ဇွန် ၃၀ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် **"ပန်းချယ်ရီတေးဂီတ"** အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ရသ၊ Dဖြိုး၊ ဒုံချပ်၊ သွန်းရွှေလျှံနှင့် ဧကရီအောင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၂၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၂၁ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် ၁၃၃ လမ်း ၆၅ x ၆၆ လမ်းကြားတွင် မြင့်ကျော်(ခ)ညီပု၊ မဇင်မာဦးနှင့် မနန်းစန္ဒာစိုးတို့ သုံးဦးအား စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း၊ ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းမိတရားခံ မြင့်ကျော်(ခ)ညီပုနှင့် ၎င်း၏ဇနီး မဇင်မာဦးတို့ နေထိုင်သည့် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ ၁၄၂ လမ်း ၆၅ x ၆၆ လမ်းကြားရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဇွန် ၂၂ ရက် ည ၈ နာရီက မဟာအောင်မြေမြို့နယ် ၄၁ လမ်း ၈၄ x ၈၅ လမ်းကြားတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ တင်မောင်စိုး(ခ) ရန်ချုန်းကျ (ခ) အားတီအား ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး **(အောက်ပုံ)** ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၆၀ ကျပ် | ၂၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၄၀ ကျပ် | ၂၀၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၀ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ချယ်ဆီးအသင်းမှ ကိုဗာဆစ်ကို မန်စီးတီးအသင်း ခေါ်ယူ

မန်စီးတီးအသင်းသည် ချယ်ဆီးအသင်းမှ ခရိုအေးရှား ကွင်းလယ်ကစားသမား မတ်တီယို ကိုဗာဆစ်ကို ကနဦး ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။ အသက် (၂၉) နှစ်အရွယ် အဆိုပါကစားသမားကို ခေါ်ယူရာတွင် အပိုဆုကြေး ပေါင်ငါးသန်းလည်း ပါဝင်ဖွယ်ရှိကာ လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

၎င်းသည် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ပေါင်သန်း ၄၀ ဖြင့် ရီးရဲမက်ဒရစ်အသင်းမှ ချယ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူ ဖြစ်သည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ရာသီတွင် ဖလားသုံးလုံးဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကိုဗာဆစ်ကို နွေရာသီအပြောင်းအရွှေ့ကာလတွင် ပထမဆုံးခေါ်ယူမှု ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

**အောင်ဇော်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၃၀၀၂ | ၈၅၅၅၇၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၆၆ | ၄၇၅၂၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၉၀၄၀ | ၁၃၅၅၈၀၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၂၀၃ | ၄၉၇၃၅၀ |
| EFR | ၂၄၀၀ | ၂၄၀၀ | ၅၀ | ၁၂၀၀၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်




## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)

## ဒေးဒရဲမြို့နယ်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊တရားမကြီးမှုအမှတ် -၁၆

ဦးလှသောင်း နှင့် ကိုခင်မောင်အေး ပါ-၁၈

**တရားလို** **တရားပြိုင်များ**

ဒေးဒရဲမြို့နယ်၊ လိပ်ကျွန်းကျေးရွာအုပ်စု၊ ကံစုကျေးရွာနေ ကိုခင်မောင်အေး၊ ကိုကျော်ဇင်ထွန်း၊ မအေးမြသီဟန်၊ ကိုစိုးမိုးကျော်(ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် ၄၉)နေ မကေသီ၊ မမာလာ၊ မမော်မော်ခိုင်၊ ကိုအောင်သိန်းနိုင်၊ ကိုတင်ထွန်းအောင်၊(ဒေးဒရဲမြို့၊ အမှတ်(၂)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် ၇၅)နေ မခင်ဥမ္မာနွယ်၊ မခင်သန္တာနွယ်၊ ဒေါ်စိန်စိန်၊ ဦးအုန်းသွင် (ယခုနေရပ်လိပ်စာမသိသူများ)အားလုံး သိစေရမည်။

သင်တို့ အပေါ်၌ တရားလို ဦးလှသောင်းက မြေနှင့်မြေပေါ်ရှိ စပါးကျီးကို ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာ ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ (သို့ တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၃ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့ကြလျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိအိဖြူ)**
**မြို့နယ်တရားသူကြီး**
**ဒေးဒရဲမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်း (၂၂) ရပ်ကွက်၊ မြေကွက်အမှတ် (၁၉၆)၊ အကျယ်အဝန်း ပေ (၈၀x၆၀)၊ ဒုဗိုလ်မှူးကြီးဝင်းဇော် ၁၂/လမန(နိုင်)၁၂၄၈၅၁ အမည်ပေါက်ပြီး ၎င်းထံမှ လက်ရှိပိုင်ရှင် ဦးမြတ်စိုး ၁၂/ဥကမ(နိုင်)၀၅၁၀၄၀ထံ လွှဲပြောင်းဝယ်ယူထားပါသည်။ ယခုအခါ လက်ရှိပိုင်ရှင်ထံမှ ဒေါ်ဝင်းပပရှိန် ၁၂/မဂဒ(နိုင်)၀၅၂၁၈၇မှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းပပရှိန် ၁၂/မဂဒ(နိုင်)၀၅၂၁၈၇**
**ဖုန်း-၀၉-၅၁၃၅၃၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ဗိုလ်ထွန်းဇံ ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၆၆(ခေါင်းရင်းဘက်ခြမ်း)ဟု ခေါ်တွင်သော အကျယ်အဝန်း(အလျား ၁၀ပေ Xအနံ ၅၀ပေ)ရှိ မြေနှင့်အိမ် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိမိတရားဝင် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ထွေး ၇/ကတခ(ပြု) ၀၁၅၂၄ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးလင်းလင်းနိုင် ၁၄/ ကလန(နိုင်)၀၈၄၇၄၁ က အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေ ညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၀)**
**အမှတ် ၇၀၅၊ မာန်ပြေ ၁လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၂၅၃၈၉၇၁၇၅**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၃လမ်း၊ ၃၄x၃၅ လမ်းကြားနေ ဒေါ်မြတ်တင်ဦး ၁၃/လရန(နိုင်)၁၁၅၆၁၅ ပိုင်ဆိုင်သော ဒေါ်မြတ်တင်ဦး အမည်ပေါက် MAZDA BT50 Pickup Model 2015 မီးခိုးရောင်၊ ယာဉ်အမှတ် 7K/9762 နှင့် Toyota Sequoia USK 56 Model 2012 အနက်ရောင်၊ ယာဉ်အမှတ် 5G/3666 ကားများ၏ ယာဉ်သက်သေခံ အဝိုင်း(ကားဝိုးတက်)များမှာ ပျောက်ဆုံးသွားပါသဖြင့် ပိုင်ရှင်ဖြစ်သူ ဒေါ်မြတ်တင်ဦးသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ မန္တလေးတောင်ပိုင်းခရိုင်ရုံးတွင် အသစ်လျှောက်ထားထုတ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါကားများ၏ ကားဝိုးတက်များကိုတွေ့ရှိ၍ လက်ဝယ်ထားရှိပြီး အဆိုပါ ယာဉ်အမှတ်များဖြင့် လိုင်စင်မဲ့ကားများတွင်အသုံးပြုပြီး မသမာမှုများပြုလုပ်ခြင်း၊ ယာဉ်မတော်တဆဖြစ်ပေါ်ခြင်း၊ လိမ်လည်ရောင်းချခြင်းများ ဖြစ်ပေါ်လာပါက ကားအမည်ပေါက်သူ ဒေါ်မြတ်တင်ဦးနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်းနှင့် ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **ဒေါ်တင်ဇာနည်နေဝင်း** | **ဒေါ်ခင်နီလာအောင်** | **ဒေါ်သီတာမြင့်** |
| **(စဉ်-၉၅၇၃)** | **(စဉ်-၁၅၉၉၃)** | **(စဉ်-၁၇၄၀၁)** |

**အမှတ်-၆၀/ ဒီ၊ ပထမထပ် ၊အေးရိပ်သာ(၂)လမ်း ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၈၁၆၉၄၊ ၀၉-၉၈၀၈၉၄၅၇၉၊ ၀၉-၉၈၀၈၉၅၄၇၉၊**
**၀၉-၅၂၂၈၁၆၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အောင်မြေသာစံမြို့နယ်၊ အောက်ကမ်းနားလမ်းတွင် နေထိုင်သော ဒေါ်ယေ့ယေ့စံ ဟွမ် ၁၃/တယန(နိုင်)၀၆၈၈၉၆ ၏ဖခင် ဦးရွှေအောင်(ခ)ဦးစိုင်းဆွေအောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရှုပါရုံလမ်းနေ ဦးကျော်စိုးလွင် ၁၂/တကန(နိုင်)၀၈၀၄၉၄၊ ဒေါ်နီနီဝင်း ၁၂/တကန(နိုင်)၂၃၁၄၁၂တို့၏သမီး သန်းခေါင်စာရင်းအရ မဝင့်ရည်စိုးမှ မဝင့်ရွှေရည်စိုးသို့ ပြောင်းလဲခေါ်ဆိုပါရန်။

**မဝင့်ရွှေရည်စိုး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၁)ရပ်ကွက်၊ လယ်သမားလမ်း၊ အမှတ် ၁၃၃၃နေ ဦးဇော်ဇော်လင်း -ဒေါ်ရီရီချိုတို့၏သမီး၊ ရွှေပြည်စိုး (ကိုယ်ပိုင်အထက်တန်းကျောင်း) Grade-7 တွင် ပညာသင်ကြားနေသော မဇွန်ပွင့်ဖြူ၏ အမည်မှန်မှာ မခြူးဆင့်အိမ် ဖြစ်ပါကြောင်း။

**မခြူးဆင့်အိမ်**

## ရောင်းချရန်ကြော်ငြာစာ

## (တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ ၆၆)

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် **နှင့်** Intelmax Co., Ltd
IBD (HO) ဘဏ်ခွဲ
(၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ
အထွေထွေမန်နေဂျာ ဒေါ်နုနုလွင်)

**(အနိုင်ဒီကရီရရှိသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၁ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၇ တွင် ရရှိသည့် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းများတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ် ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ် လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေနဂါး ဆီစက်လမ်း၊ အမှတ်-(၆၁)၊ အခန်းအမှတ် (၅၀၅)၊ (၆၀၅)၊ (၈၀၅)၊ (၉၀၅)၊ (၁၀၀၅) ဟုခေါ်တွင်သောတစ်ခန်းလျှင်အကျယ် (၁၆၅၀) စတုရန်းပေရှိတိုက်ခန်း (၅)ခန်း၊

**ကြမ်းခင်းဈေးတစ်ခန်းလျှင် - ကျပ်သိန်း (၁၉၅,၀၀၀,၀၀၀) တိတိ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ခိုင်ရွှေဝါလမ်း၊ အမှတ်-(၃၄) အခန်းအမှတ် (၆-စီ) ဟု ခေါ်တွင်သာအကျယ်-(၁၀၁၂) စတုရန်းပေရှိ တိုက်ခန်း၊

**ကြမ်းခင်းဈေး-ကျပ်သိန်း (၄၈,၅၇၀,၀၀၀) တိတိ**

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဖဆပလ) ရပ်ကွက်၊ ဂျိုးဖြူလမ်း၊အမှတ် (၂၀/၂၂) အခန်းအမှတ် မြေညီထပ် Unit -1 ဟုခေါ်တွင်သောအကျယ်-(၂၂၃၇) စဘုရန်းပေရှိ တိုက်ခန်း၊

**ကြမ်းခင်းဈေး-ကျပ်သိန်း (၇၃၆,၀၀၀,၀၀၀) တိတိ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈) ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၄၄၀/၄၄၂/၄၄၄/၄၄၆)၊ အခန်းအမှတ်-PenthHouse (လက်ယာ)၊ ဟုခေါ်တွင်သောအကျယ် (၂၅၂၀) စတုရန်းပေရှိတိုက်ခန်း၊

**ကြမ်းခင်းဈေး - ကျပ်သိန်း (၄၀၃,၂၀၀,၀၀၀)တိတိ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရွှေနံ့သာစံပြ၊ အင်ကြင်းလမ်းမြေ ကွက်အမှတ်-(ခ) ဟုခေါ်တွင်သော ဧရိယာ (၀.၄၀၈) ဧကရှိ နှစ် (၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေး - ကျပ်သိန်း (၂၁၃,၂၆၀,၀၀၀)တိတိ**

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိ မြို့နယ်၊ ရေဆင်းကျေးရွာအုပ်စု၊ ရွှေတွင်းကုန်းကျေးရွာမှ မယွန်းအယ်နီချို G-10(A)နှင့် မယွန်းမေရီချို G-4(A) တို့၏ဖခင် အမည်မှန်မှာ ဦးတိုး ၉/ပမန(နိုင်)၀၃၅၂၁၉ ဖြစ်ပါကြောင်း။

**ဦးတိုး**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပင်ဦးကျေးရွာ အုပ်စု၊လေးအိမ်စုကျေးရွာနေ (ဘ)ဦးမြဟန်၏ သားကျွန်တော် ဦးမိုးအောင်ချစ် ၈/ငဖန(နိုင်)၀၃၀၁၆၇ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် MD-427629 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၁၈၂၆၆၆၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၅၂၃)မြေပေါ်ရှိ (၂)ခန်းတွဲ (၃)ထပ်တိုက်မှ ပထမထပ် (၂လွှာ) တိုက်မျက်နှာမူ (လက်ဝဲဘက်အခန်း)၊ ဧရိယာ (၅၅၂)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစောရိန်းကယ် ( ၁၂/မရက(နိုင်)၁၂၆၇၁၂)ထံမှကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဆုရည်(၁၄/ကပန(နိုင်)၁၃၈၁၀၂)၊ဦးရန်အောင်ထွန်း(၁၄/ကပန(နိုင်) ၁၅၇၈၆၆)၊ ဦးအောင်ကောင်းဇံ(၁၄/ကပန(နိုင်)၂၁၁၉၈၅)တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဆုရည်၊ ဦးရန်အောင်ထွန်း၊ ဦးအောင်ကောင်းဇံတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်ငွေ LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၀၄၇၉)**
အမှတ် (၁၃၈)၊လမ်း(၄၀)၊ကျောက်တံတား၊ ဖုန်း - ၀၉ ၇၈၄၈၄၈၄၇၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/8691,Mitsubishi Mini Cab U 61T/Pick Up(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးထူးကိုအောင် ၁၀/သဖရ(နိုင်)၁၅၈၀၈၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/99370 ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်ထွန်း ၇/ကပက(နိုင်)၀၈၉၃၁၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၁၁၇၄၆, Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီဇော် ၇/ပမန(နိုင်)၁၁၅၄၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/8608, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၄/ကလန(နိုင်)၀၇၇၈၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၅၈၈၄၁, Yamaha -110 Pino ယာဉ်လက်ဝယ်ရှိသူ Eight Cloud Public Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/11562,Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆွေညွန့် ၉/မရတ(နိုင်)၀၀၉၂၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့် လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံး ထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန် အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃ ရက်နေ့အထိ** ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ လျှောက်လွှာခေါ်ယူခြင်း

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၅) နေရာအတွက် အောက်ဖော်ပြပါ ပညာအရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | (၅) နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၉-၇-၂၀၂၃ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်ရ၊

(ဂ) နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

၃။ လျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇) ၌ (၃၀-၆-၂၀၂၃) ရက် (သောကြာနေ့) မှ စတင်၍ ရုံးချိန်အတွင်း အခမဲ့ထုတ်ယူနိုင်ပြီး (၂၈-၇-၂၀၂၃) ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့်ပုံစံ ပူးတွဲတင်ပြရမည့် အချက်အလက်များအား ဖော်ပြထားရှိပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲကို (၇-၈-၂၀၂၃) ရက် (တနင်္လာနေ့) နံနက် (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ် (၃) ခုအတွက် (၃) နာရီမေးခွန်းဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့သို့ လူကိုယ်တိုင်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၉၁၉၀ နှင့် ၀၆၇-၃၄၀၉၄၅၈ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၃၀၅) ဟုခေါ်တွင်သော ဦးလွှမ်းနိုင် (ပါမစ်) အမည်ပေါက် အလျား x အနံ (၄၀ပေ x ၆၀ပေ) အကျယ်မြေကွက် အနက် ခေါင်းရင်းခြမ်း အလျား x အနံ (၂၀ပေ x ၆၀ပေ) အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လုံးကို ဦးလွှမ်းနိုင်(ဘ)ဦးအောင်သန်း ၁၂/သလန(နိုင်) ၀၃၄၅၁၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးလင်းလင်းထွန်း(ဘ)ဦးသာလှိုင်၁၂/စခန(နိုင်)၀၀၂၀၈၂ က ပြန်လည် ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လို သူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား မူရင်း များနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L) ဒေါ်နှင်းနှင်းထွေး(LL.B)(စဉ်-၂၄၉၆၈)**
**(စဉ်-၁၄၆၆၈) ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B)(စဉ်-၅၀၈၅၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

---

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက၊ မှန်ချောင်းကျောင်းမှ နဝမတန်းတွင် ပညာသင်ကြားခဲ့သော စောဟေသော ထူး၏ မိခင်အမည်မှန်မှာ နော်သရေဝါးထွန်း ၇/ရကန(နိုင်)၀၃၈၂၄၅ ဖြစ်ပါသည်။

**နော်သရေဝါးထွန်း**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ဒီပါရုံ ကျေးရွာနေ မစန္ဒာလင်း (၂၀၂၃ တက္ကသိုလ်ဝင်တန်းအောင်)၏ ဖခင် ဦးစိန်လှမောင် ၁၁/ပဏတ (နိုင်) ၀၀၂၇၃၇ နှင့် ဦးစိန်လှတို့မှာ လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်လှမောင်(ခ)ဦးစိန်လှ**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက(၁) Grade (12) တွင် ပညာသင်ကြားနေသော မောင်ဟန်ထူးအိမ် ၏ ဖခင်အမည်မှန်မှာ ဦးချစ်ဦးမောင် ၉/မခန(နိုင်)၁၉၅၄၆၉ ဖြစ်ပါကြောင်း။

**ဦးချစ်ဦးမောင်**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၆၈)ရပ်ကွက်နေ (ဘ)ဦးစောဖေညွန့်၏သမီးဖြစ်သူ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အထက (၃) Grade-10(B)တွင် ပညာသင်ကြားနေသော နော်ရှဲကေဖော(ခ)နော်ရှဲခေစေး ၇/မလန(နိုင်) ၁၅၂၇၃၇ အမည် နှစ်ခုစလုံးဟာ ကျွန်မ တစ်ဦးတည်းဖြစ်ပါသည်။ ယခုအခါတွင် နော်ရှဲခေစေး အမည်တစ်ခုတည်းသာ ပြောင်းလဲခေါ်ပေးပါရန်။ **နော်ရှဲကေဖော(ခေါ်)နော်ရှဲခေစေး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၆)၊မြေကွက်အမှတ်(၁၂၄၂)၊ ကြိုးကြာ(၁)လမ်း၊ဒေါ်နန်းအန်းတစ်(၁၂/တကန(နိုင်)၀၁၅၅၁၁)အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်၊အကျယ်အဝန်း(၄၂ပေ×၆၀ပေ)အနက်မှမြေကွက်အမှတ်(၁၂၄၁)နှင့်ကပ်လျက် (၂၀ပေ×၆၀ပေ)ရှိမြေကွက်နှင့်အကျိုးခံစားခွင့်များအား တရားဝင်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်သီရိစိုး(၁၂/ဒဂရ(နိုင်)၀၀၆၄၃၆)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ဗြဲဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၄၁)၊မြေကွက်အမှတ်(၁၂၅၅)၊ ဗိုလ်မင်းရောင်လမ်း၊အကျယ်အဝန်း(၀. ၀၅၆ဧက)ရှိ ဦးအောင်ထွန်း(၁၂/တမန(နိုင်)၁၀၃၂၅၇) (၁၂/ဒဂမ(နိုင်)၀၅၃၆၄၅)အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အကျိုးခံစား ခွင့်များအား အမည်ပေါက်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ထွန်း ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက် နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ဗြဲဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေရိယာ ၀ဒသမ ၁၁၀ဧကရှိ ဦးမြင့်ကိုကို ၁၂/လကန(နိုင်)၀၁၂၉၈၅ (ဘ)ဦးမျိုးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၅၉၈)ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာ အမှတ် ၈၄၆၅/၂၀၂၂(၂၅-၅-၂၀၂၂)ဖြင့် မြေကွက် အမည်ပေါက်၏ အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အေးသီတာဝင်း ၁၂/ရကန(နိုင်)၀၀၂၈၁၁ (ဘ)ဦးတင်ဝင်းမှ ဦးတင်စိုး ၈/ ခမန(နိုင်)၀၈၁၄၀၁ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန သို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ် (A-3)၊(၈)လွှာ၊ အခန်း အမှတ်(၈၂၀)၊ အခန်းအမျိုးအစား Type(C)၊ဧရိယာ ၆၂၂ စတုရန်းပေ၊ အိပ်ခန်း (၁)ခန်း၊ ပရိဘောဂများပါသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဆိုင်းရော် ၁၃/လရန(နိုင်) ၀၁၃၉၃၆ ထံမှ ဝယ်ယူရန် အတွက် ကျွန်တော် ဦးအေးချမ်းထွန်း ၁၂/လမတ(နိုင်) ၀၂၆၀၉၀ မှ စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန် ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဦးအေးချမ်းထွန်း**
**ဖုန်း-၀၉- ၅၁၀၆၉၁၂**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၃၆၆၇၃, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Thiri Tay Za Min Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/29449, Honda C-90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းအိဖြူ၉/ပသက(နိုင်) ၁၅၅၃၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## အများသိစေရန် အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း (က)ရပ်ကွက်၊ နှင်းဆီလမ်း၊ အိမ်အမှတ် (၃/၃၂)၏ အမွေဆိုင်အိမ်နှင့် ခြံမြေဖြစ်သော အလျား (၆၄ပေနှင့် ၇၇ပေ)၊ အနံ (၄၇ပေနှင့် ၄၂ပေ)ရှိ နေအိမ်အားလည်းကောင်း၊ အလျား (၇၇ပေနှင့် ၈၄ပေ)၊ အနံ (၂၂ပေနှင့်၂၆ပေ)အကျယ်ရှိ မြေကွက်လပ်အလွတ်အားလည်းကောင်း ရောင်းချရန် ဖြစ်ပေါ်လာပါက ထိုသို့ ရောင်းချရရှိသည့်တန်ဖိုး၏ (၂၅%)အား အမွေဆိုင် (၃) ဦးအနက်မှ တစ်ဦးအပါအဝင်ဖြစ်သူ ကျွန်မ မကျော့ကျော့ရှင်း ၁၃/တလန(နိုင်) ၀၀၁၁၀၀အား ပေးအပ်ရမည်ဖြစ်သည်ဟု ကျန်အမွေဆိုင် (၂)ဦးဖြစ်သူ ဒေါ်အီအွမ် ၁၃/တခလ(နိုင်)၀၀၃၇၇၁နှင့် ဦးအိုက်ခမ်းကျန် ၁၃/တခလ(နိုင်)၀၄၀၀၀၂တို့က ၂၀၂၃ ခုနှစ် ဇွန် ၂၇ရက်တွင် တာချီလိတ်မြို့၊ ဆန်ဆိုင်း (က)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အသိသက်သေလူကြီးမင်းများရှေ့မှောက်တွင် အိမ်ခြံမြေ အမွေခွဲဝေမှုနှင့်ပတ်သက်သည့် သဘောတူစာချုပ်အား ပြုလုပ်ချုပ်ဆို၍ ဆောင်ရွက်ခဲ့ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ အမွေဆိုင်အိမ်နှင့် ခြံမြေဖြစ်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့၏ကိစ္စအဝဝနှင့်စပ်လျဉ်း၍ ၂၇-၆-၂၀၂၃ရက်တွင် ချုပ်ဆိုခဲ့သော စာချုပ်ပါအချက်အလက်များအတိုင်းသာ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့၊ ဆန်ဆိုင်း (က)ရပ်ကွက်၊ နှင်းဆီလမ်း၊ အိမ်အမှတ် (၃/၃၂)၏ အိမ်ခြံမြေနှင့်ပတ် သက်၍ အမွေဆိုင်တစ်ဦးအဖြစ် ပါဝင်သူ ကျွန်မ မကျော့ကျော့ရှင်း ၁၃/တလန(နိုင်)၀၀၁၁၀၀မသိရှိဘဲ သို့မဟုတ် တစ်စုံတစ်ရာခွင့်ပြုချက်၊ သဘောတူညီချက်များမရှိဘဲ ရောင်းချခြင်း၊ အမည်ပြောင်း လဲခြင်းများပြုလုပ်မည်ဆိုပါက ကန့်ကွက်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **မကျော့ကျော့ရှင်း ၁၃/တလန(နိုင်)၀၀၁၁၀၀**
**အမှတ် (၃/၁၉-က)၊ မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့၊ ဖုန်း-၀၉-၇၈၉၃၆၅၃၆၅**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၄၁)၊တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၁၄၅၃)၊အကျယ်အဝန်း(၄၁ပေ×၆၀ပေ)ရှိ ဦးညွန့်ဆွေ(MTA ၀၅၉၉၉၇) အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအား တရားဝင်ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးသူရအောင်(၁၂/ဒဂမ (နိုင်)၀၂၈၁၆၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ကန့်ကွက်လိုများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွား မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ဗြဲဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၃၂လမ်း(လယ်)၊ အမှတ် ၁၀၉/၁၁၁နေ ဂျူဂျူ(ခ) ဒေါ်ကြူကြူခင် ၁၂/ပဘတ(နိုင်) ၀၂၂၀၇၅ သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီး ရပ်ကွက်၊ ၁၁၃လမ်း၊ အမှတ် ၂၀ရှိ မြေညီထပ်(ယာ)ဘက်၊ အကျယ်အဝန်း (၁၇'X၃၈')ပေ တိုက်ခန်းကို အရပ်စာချုပ် အဆက်အစပ်များဖြင့် ပိုင်ဆိုင်ကြောင်းဝန်ခံပြီး ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် အဆိုပြု ကမ်းလှမ်းခဲ့ရာတွင် ကျွန်ုပ်မိတ်ဆွေ ဦးဝင်းထိန် ၇/ပမန(ဧည့်)၀၀၀၀၀၄ မှလည်း ဝယ်ယူရန် သဘောတူညီပါ၍ ၅-၆-၂၀၂၃ရက်တွင် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်ရန် ရှိပါက ခိုင်လုံသောအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းထိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ (စဉ် -၁၉၁၂၁(၃၀-၆-၂၀၀၄)**
**အမှတ်(၂၂၄၈/ခ)၊ဓေယျဝတီ ၇လမ်း ၁၀/တောင်၊ ၁၂ရပ်ကွက်၊ သာကေတမြို့နယ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၃-ခုနှစ်၊တရားမကြီးမှုအမှတ်-၂၂

ဒေါ်ခင်ကြည်ကြည်ဇင် **နှင့်** ဦးအောင်စိန်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူလမ်း၊ အမှတ် (၇၅၀/ခ)နေ တရားပြိုင် ဦးအောင်စိန်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှိနေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃-ခုနှစ်၊ ဇူလိုင်လ ၅ရက်၊ ၁၃၈၅ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၃)ရက်နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်၊ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဇွန်လ ၂၇ရက်နေ့တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်ကျော်ဆန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - (၃၄)

ဒေါ်သင်းသင်းနိုင် **နှင့်** ၁။ ဦးမျိုးဝင်း
၂။ ဒေါ်ကျင်လှ
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသသက(၂၁)လမ်း၊ အမှတ် ၆၃၂/က)နေ တရားပြိုင်များ ဖြစ်သူ ၁။ ဦးမျိုးဝင်း ၂။ ဒေါ်ကျင်လှ(အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၀ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန်လ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ တိုးချဲ့(၁)လမ်း၊ အမှတ်(၈/ခ)၊ (၁)ခန်းတည်း RC(၆)ထပ်အဆောက်အအုံ၏ (ဒုတိယထပ်)၊ (၃-လွှာ)၊ ဧရိယာ(၉၁၈)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သောဒေါ်အေးကျင် (S/OKA (နိုင်)၀၁၈၉၇၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးမြတ်သူ ၁၂/အစန (နိုင်)၁၉၆၇၀၆ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၆)လမ်း၊ အမှတ်(၁၅၅)၊ (၂)ခန်းတွဲRC(၆)အဆောက်အအုံ၏ မြေညီထပ် (တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)အခန်း၊ ဧရိယာ ၈၁၆ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည့်ဟုဝန်ခံသူဖြစ်သော ဦးဝင်းနိုင်ဦး ၅/ဘတလ(နိုင်)၀၄၈၇၂၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကျော်သက်ဦး ၁၂/ဥကတ(နိုင်)၁၇၉၈၂၆ က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်သက်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B.D.B.L,D.I.L,D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/က)ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ မြေကွက်အမှတ်(၃၀)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါက်တာညိုညိုဝါ (BHN-၀၀၈၁၁၅)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ညွန့်ညွန့်စိန် ၁၂/ဒဂတ(နိုင်)၁၄၁၅၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပဖြူ LL.B.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၆၂)**
**အမှတ်(၆၅၇)၊ အောင်သီရိ(၆)လမ်း၊ (၂၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း - ၀၉ ၄၂၁၀၄၅၃၂၀**

## အမည်မှန်

ဦးစိုးဝင်းသန်း၏သမီး မော်လမြိုင်မြို့၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း Grade-7 မှ မဟန်ကြယ်စင်စိုး၏ အမည်မှန်မှာ မိဟန်ကြယ်စင်စိုး ၁၀/မလမ(နိုင်)၂၉၈၈၇၃ ဖြစ်ပါကြောင်း။

**မိဟန်ကြယ်စင်စိုး**

## အမည်မှန်

ဦးအေးသိန်း၏သမီး မော်လမြိုင်မြို့၊ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း Grade-7မှ မမေသူဇာသက်၏ အမည်မှန်မှာ မိမေသူဇာသက် ၁၀/မလမ(နိုင်)၂၉၈၈၆၃ ဖြစ်ပါကြောင်း။

**မိမေသူဇာသက်**

## ဖခင်အမည်မှန်

ပင်လုံမြို့၊ အ.ထ.က(၂) Grade(2)မှ နန်းဆိုင်လောဝ်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆန်း ၁၃/ဆဆန(နိုင်)၀၄၉၉၆၆ ဖြစ်ပါကြောင်း။

**ဦးစိုင်းဆန်း**

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၄-၆-၂၀၂၃ ရက် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ(၂၆)ပါ ဒေါ်ဝေဖြိုးအောင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅) ၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် အခန်းအမှတ် (3-A)၊ တိုက်ကိုမျက်နှာမူလျှင် (ဘယ်ဘက်အခန်း)ဟု ထပ်မံဖြည့်စွက်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1B/2089 Mitsubishi Canter ယာဉ်အမည် ပေါက်သူ ဦးကျော်မင်းထွဋ် ၁၃/တကန(နိုင်) ၀၁၄၁၇၃ မှ ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6B/6857 Hino FR 6063, Truck(6x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအေးကြည်ဝင်း ၁၀/မလမ(နိုင်)၀၅၁၁၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၆၂၉၇၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းမွန် ၁၀/ကမရ(နိုင်)၁၀၆၈၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ မြေကွက်အမှတ်-၁၆၁၊ မြေကွက်တည်နေရာ အမှတ်-၁၆၁၊ အောင်ရတနာ(၁၃)လမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ရှိစီ ၁၂/ဒဂန(နိုင်)၀၂၆၁၃၄ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မြေအား မြေအမည်ပေါက် ဒေါ်ရှိစီ ၁၂/ဒဂန(နိုင်)၀၂၆၁၃၄မှ မြေငှားဂရန်အား သိမ်းဆည်းထားရာမှ နေအိမ်အပြောင်းအရွှေ့ကြောင့် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ အမှတ်(၁၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်၊

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ် (၂၈/ သုမင်္ဂလာရပ်)၊ ဦးပိုင်အမှတ် (၁၂၆)၊ မြေဧရိယာ ၀ ဒသမ ၀၈၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သက်သက်လှိုင် ၁၃/လရန(နိုင်)၀၁၉၆၀၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၅) ၊ ကွင်း / အကွက်အမှတ် (RA – V/ ကွက်ပြင်-၅) ၊ ဦးပိုင်အမှတ် ( ၂၀/စ)၊ မြေဧရိယာ ၀ ဒသမ ၈၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်သန်းကြည် ၉/မရမ(နိုင်)၀၃၇၅၄၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိ(၁)လမ်း၊ မြေကွက်အမှတ်(၂၂၆)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၄၀ x ၆၀) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (၂၀'x၆၀')(ခေါင်းရင်းခြမ်း)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်အောင်(CE-၁၁၁၁၁၉)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်လင်းအောင် ၁၂/သဃက(နိုင်)၀၄၃၈၆၉နှင့် ဒေါ်ရီရီစိုး ၁၂/ဗဟန(နိုင်)၀၃၈၄၈၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၆၂)**
**အမှတ်(၆၅၇)၊ အောင်သီရိ(၆)လမ်း၊ (၂၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၄၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၉)လမ်း၊ အမှတ်(၉)၊ (6-A)ဟုခေါ်တွင်သော အလျား ပေ၅၀ x အနံ ၁၁ ဒသမ ၅ပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးဖြိုးဟိန်းအောင် ၁၂/ကမတ(နိုင်)၀၆၁၆၉၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကိုလင်း ၈/တတက(နိုင်)၁၀၄၁၁၂ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) | ဒေါ်ခင်စောသိန်း(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆) |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ မြေကွက်အမှတ် (၅၆၀)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးဝင်းမောင် (TTA-၀၃၆၉၁၇) အမည်ပေါက် ပါမစ်မြေကွက်၊ မြေကွက်အမှတ် (၅၆၁)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးသောင်းဌေး (BZ-၀၀၉၉၇၃)အမည်ပေါက် ပါမစ်မြေကွက် စုစုပေါင်းမြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စန္ဒာကျော် (၁၄/ကလန (နိုင်) ၁၃၈၃၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ ဇြပန္ဒစိုရ်လမ်း၊ မြေကွက်အမှတ် (၇၆၁)၊ အကျယ်အဝန်း (၂၅ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းအေး (၁၂/ဥကတ (နိုင်) ၀၈၈၈၉၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၅/၁၊လီဆူးကွင်း)၊ ဦးပိုင်အမှတ်(၃၉၈/480)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်သည် မြို့မြေနေရာချထားရေးကော်မတီ၏ ၆-၉-၂၀၁၀ ရက်စွဲပါ စာအမှတ် ၁/၁-၁/မြို့နေရာချထားရေးအရ ဗိုလ်မှူးဇော်မျိုးထွဋ်အမည်ဖြင့် ယာယီလိုင်စင်မြေပေးမိန့်ရရှိထားသော မြေကွက်ဖြစ်ပြီး ဗိုလ်မှူးဇော်မျိုးထွဋ်ထံမှ ဒေါ်ရွှေရွှေနှင့် ဒေါ်စက်ကျွမ်း(ခ)မလှိုင်တို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ၂၆-၅-၂၀၁၂ ရက်စွဲပါ နှစ်ဦး သဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်ရွှေရွှေ ၁/မကတ(ဧည့်)၀၀၀၄၇၉ နှင့် ဒေါ်စက်ကျွမ်း(ခ)မလှိုင် ၁/မကန(ဧည့်)၀၀၀၆၁၂ တို့အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် ၁၂-၉-၂၀၁၉ ရက်စွဲပါကျမ်းကျိန်ဆိုလွှာ အမှတ်(၆၅၅/၂၀၁၉)ကို ၁၈-၉-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ် (၆၄၈/၂၀၁၉) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ အောင်သပြေလမ်း၊ မြေကွက် အမှတ်(၁၂၁)၊ မြေပေအကျယ် ပေ(၄၆x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်၏ အမည်ပေါက်မှာ ဦးသိန်းလှိုင်ဖြစ်ပြီး ထိုမြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်းရှိ လမ်းဘက်ထောင့်ကွက်မြေ ပေအကျယ်(၂၀x၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ မြေကွက် (ဂရန်မိတ္တူခြမ်း)ကိုအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သော ဦးသြထွဋ်မင်း ၁၂/မရက(နိုင်)၀၀၂၁၆၆ နှင့် ဒေါ်ဥမ္မာဖြူ ၁၂/ကမတ(နိုင်)၁၅၃၈၅၇ တို့က အထက်ပါမြေကွက်ကို မိမိတို့သာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည် ။ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L (W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာ(၂)လမ်း၊ တိုက်အမှတ်(၅၀)၊ မြေပေအကျယ် ပေ (၃၀x၆၀)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ် RC အဆောက်အအုံမှ ခြေရင်းခြမ်းရှိ မြေညီထပ်(၁-လွှာ)၊ အကျယ်အဝန်း(၁၄x၅၄)ပေ၊ ထပ်ခိုးပါ အမြင့်(၁၅)ပေရှိတိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင်ကို ရောင်းချသူ ဒေါ်ခင်မူယာစမ်း ၁၁/မအန(နိုင်)၀၀၀၁၃၆ က မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့်အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငုဝါအောင် ၁၂/ဥကတ(နိုင်)၁၅၁၀၅၅ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L (W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၃၅)လမ်း၊ မြေကွက်အမှတ် (J ၁၂၈ ) ဟုခေါ်တွင်သော ဦးသာလှ အမည်ပေါက် အလျား x အနံ ပေ(၄၀x ၆၀) အကျယ် မြေကွက်နှင့် ယင်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်အုန်းမြိုင် (ဘ) ဦးစံဌေး ၁၂/သလန(နိုင်)၀၄၁၁၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်မြင့် (ဘ) ဦးဝင်းနိုင် ၁၂/ သဃက (နိုင်)၁၃၅၀၈၈ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇာနည် (LL.B., D.B.L) | ဒေါ်နှင်းနှင်းထွေး (LL.B)(စဉ်-၂၄၉၆၈) |
|---|---|
| (စဉ် - ၁၄၆၆၈) | ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | (စဉ်- ၅၀၈၅၄) |
| | အထက်တန်းရှေ့နေများ |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ ချယ်ရီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ်(မလိခအိမ်ရာ)၊ မြေကွက်အမှတ်(၁၄၆/၁)၊ မြေအကျယ်အဝန်း ၀ ဒသမ ၀၆၃ ဧကရှိ မြေချပါမစ်မြေကွက်ကို ရန်ကုန်မြို့ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှု ဦးစီးဌာနတွင် မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ထံမှ မြေကွက်နှင့် ပါမစ်မူရင်းအပါအဝင် အရပ်ကတိစာချုပ်များဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ဇာဇာမိုး ၉/တသန(နိုင်)၁၁၆၇၃၉မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု သည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ပိုလင်း ၁၀/မလမ(နိုင်)၂၁၅၁၄၈ မှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွပ်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L) | ဒေါ်ခင်လေးမွန် (LL.B) |
|---|---|
| အထက်တန်းရှေ့နေ (စဉ်-၄၈၉၆၅) | အထက်တန်းရှေ့နေ (စဉ်-၅၁၆၈၂) |

**NY(Myanmar) Legal Consultant Service Company Limited**
**တိုက်အမှတ်(N-1)၊ အခန်းအမှတ်(၃၀၃)၊ လေးထောင့်ကန်းလမ်းမကြီး၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/18250, HONDA Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေး ၁၄/ပသန(နိုင်) ၀၄၀၆၄၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အမည်ပြောင်း

ကမာရွတ်မြို့နယ်၊ TTC လေ့ကျင့်ရေးအထက်တန်းကျောင်း တတိယတန်း(G-3)စံပါယ်ခန်းမှ မောင်ဇေထက်အောင် (ဘ) ဦးဖြိုးကိုကို ၁၂/တကန (နိုင်) ၁၄၁၀၅၁ အား မောင်စံညိမ်းအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စံညိမ်းအောင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ချမ်းမြေ့သာယာ(၂)လမ်း၊ မြေကွက်အမှတ်(၂၈၃)၊ မြေပေအကျယ်ပေ(၄၀x၆၀)၊ စတုရန်းပေ(၂၄၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်၏ အမည်ပေါက်မှာ ဦးဝေဇင်ဖြစ်ပြီး ထိုမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော သစ်သားအုတ်ညှပ်(၁)ထပ် လုံးချင်းနေအိမ်အပါအဝင်ကို ဦးဝေဇင်ထံမှ ဝယ်ယူရန် ဒေါ်ကေဇင်လင်း ၈/စလန(နိုင်)၀၀၁၃၃၃ က စရန်ငွေပေးချေထားပြီးအရှုပ်အရှင်းကင်းရှင်း ကာစရန်ပေးကာလအတွင်း အထက်ပါအိမ်ခြံမြေကွက်ကို မိမိမှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အားအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L (W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၁၁)၊ နယ်မြေ (၈၂)၊ အိမ်အမှတ်(၂၉၀)နေ ဦးထက်နေဇလ (ဘ)ဦးမိုးဇော်ဦး ၁၃/တကန(နိုင်)၂၆၀၅၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးထက်နေဇလ ၁၃/တကန(နိုင်)၂၆၀၅၉၈ နှင့် ဒေါ်မိုးမြင့်သူ ၁၂/ကမရ(နိုင်)၀၆၂၁၃၂ တို့သည် ၁၆-၆-၂၀၁၅ ရက်တွင် လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သား/သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် နှစ်ဦး နှစ်ဖက်ညှိနှိုင်းပြီး ၁၁-၆-၂၀၂၃ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေများ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ဦးထက်နေဇလနှင့် ဒေါ်မိုးမြင့်သူတို့သည် လင်ခန်း၊ မယားခန်းလုံးဝ သက်ဆိုင်ခြင်းမရှိတော့သည့်အပြင် တစ်ဦးနှင့်တစ်ဦး မိမိတို့၏ စိတ်တိုင်းကျ စီမံပိုင်ခွင့်ရှိသွားကြပြီး တစ်ဦး၏ကိုယ်ရေးကိုယ်တာ ကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပြောဆိုခြင်းတို့ မပြုလုပ်ကြရန် သဘောတူညီကြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဦးထက်နေဇလနှင့် ဒေါ်မိုးမြင့်သူတို့သည် အေးချမ်းစွာဖြင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၉/၁၇)**
**အမှတ်(၁)၊ ရန်ကြီးအောင်လမ်း မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၅၂၅၀၄၅၈၊ ၀၉-၄၂၈၃၁၄၉၄၆**

## ကျေးဇူးရှင် ဖေဖေအတွက် (၄)နှစ်ပြည့် နှင့် ကျေးဇူးရှင် မေမေအတွက် (၃၈)နှစ်ပြည့် သတိရတမ်းတအမှတ်ရခြင်း

ယခုဘဝတော်စပ်ခဲ့ရသော သားသမီး ၁၀ ဦးစလုံးအပေါ်တွင် မေတ္တာဂရုဏာကြီးမားစွာဖြင့် မိဘဝတ္တရားအားလုံး ကျေပွန်ခဲ့ကြပြီး သံသရာခရီးဆက်လက်ထွက်ခွာခဲ့ကြပြီဖြစ်တဲ့ ကျေးဇူးရှင်ဖေဖေ ဦးရဲမြင့် (ရဲမြင့်-သစ်တော)သည် ၂၉-၆-၂၀၂၃ရက်တွင် (၄)နှစ်ပြည့်မြောက်ခဲ့ပြီး ကျေးဇူးရှင် မေမေ ဒေါ်ခင်လှမြင့် (ညိုညို)သည် ၇-၇-၂၀၂၃ရက်တွင် (၃၈)နှစ် ပြည့်မြောက်မည်ဖြစ်ပါသည်။ သားသမီးများအားလုံးရဲ့ နှလုံးသားထဲမှာ ဖေဖေနဲ့ မေမေတို့ရဲ့ ကျေးဇူးတရားနဲ့ မေတ္တာတရားများကို အချိန်နှင့်အမျှ သတိရတမ်းတ လွမ်းဆွတ်လျက်ပါ။ သားသမီးများနဲ့ မိသားစုဝင်များ၊ မြေး၊ မြစ်များရဲ့ ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို ကျေးဇူးရှင် မိဘနှစ်ပါးအတွက် အမျှပေးဝေပါတယ်၊ ရောက်ရှိရာဘုံဘဝမှာ ဖေဖေ၊ မေမေတို့ ကြားနိုင်သိနိုင်၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုနိုင်ကြပါစေ။ ဖေဖေနဲ့ မေမေတို့ရေ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါ။ သာဓု၊ သာဓု၊ သာဓုပါ။

ဖေဖေနဲ့ မေမေတို့လည်း သံသရာခရီးမှာ ကောင်းမွန်သော တွေ့ဆုံခြင်းများနဲ့ တွေ့ဆုံနိုင်ကြပြီး ဒီသားသမီးတွေရဲ့ မိဘနှစ်ပါးအဖြစ်နဲ့လည်း ပြန်ဆုံတွေ့ခွင့်ရဖို့ ဆုတောင်းကြပါတယ်။ ဖေဖေနဲ့ မေမေတို့ရေ။

**သားသမီးများနှင့် မိသားစုဝင်များ၊ မြေး၊ မြစ်များ**

## ဒေါ်ဝင်းဝင်းမြင့်(ခ)ဒေါ်ထူးထူးလှိုင် (ခ)Jessie Tin အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (သတိုးသီရိသုဓမ္မ မြန်မာ့အလင်း ဦးတင်၊ ယခင်ဘဏ္ဍာရေးဝန်ကြီးဟောင်း)-(ဒေါ်သန်းစိန်) တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ တိုက် ၂၃၁/ ၂၃၅၊ အခန်း ၄-C နေ ဦးစန်းမြင့်၏ဇနီး၊ ဦးတင့်ဝေ-ဒေါ်စောသီတာဆန်း၊ ဒေါ်သီသီဇင်-Mr.Huch. Chul.၊ ဦးသန်းဌေးအောင်- ဒေါ်ဇင်မင်းမင်းသန်း၊ (ဦးရဲမြတ်စိုး)-ဒေါ်စန္ဒာဝင်း(ဗိဿနိုးဟိုတယ်)၊ ဒေါ်ဝါဝါဖြူ-ဦးထွန်းထွန်းဝင်း၊ ဦးကျော်သူစိုး-ဒေါ်ညိုညိုစန်းတို့၏ မိခင်၊Huh.Jin Hee၊ Huh.Da Hee၊ မခင်ချမ်းသာ၊ မပြည့်သက်ချိုတို့၏အဘွားသည် ၂၈-၆-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ (၆)လမ်းအနောက်၊ အမှတ် (၁၀၀၉)၊ ပဉ္စမထပ်၊ B-6 (ခြေရင်းခန်း)အား ဒေါက်တာညီညီဟန်၊ ဦးဟုတ်ခွန်ထံမှ ဦးမျိုးကိုကိုလွင်-ဒေါ်မေမျိုးသန္တာဝင်းတို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ**
**ဦးမျိုးကိုကိုလွင် ၁၂/သကတ(နိုင်)၁၅၂၂၆၅**
**ဒေါ်မေမျိုးသန္တာဝင်း ၁၂/သကတ(နိုင်)၁၄၈၄၃၄**
**ဖုန်း-၀၉-၂၅၀၉၉၈၅၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ရွှေပြည်သာလမ်း၊ အမှတ်(၁၂၃) မြေကွက်ပေါ်တွင် တည်ရှိဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ တတိယထပ် (၄)လွှာ (ခေါင်းရင်းခန်း) အလျားXအနံ(၁၇X၅၄)ပေအကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းစိုး ၁၂/သဃက (နိုင်)၀၉၈၇၆၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာညွန့် ၁၂/ရကန(နိုင်)၀၄၆၅၃၆မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ် စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းသူရဇော် ( LL.B )** — **ဒေါ်ယမင်းထွေး ( LL.B )**
**အထက်တန်းရှေ့နေ(စဥ် -၄၂၀၆၆)** — **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၃၆၅/၂၀၁၇)**
**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း - ၀၉၇၇၂၇၇၇၇၁၂ ၊ ၀၉၄၅၆၉၉၆၇၇၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ပန်းဝါလမ်း၊ အမှတ်(၄၂) ဟု ခေါ်တွင်သော အလျားပေ (၄၀)X ပေ(၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးကျော်ဇေထူး ၁၂/မဂတ(နိုင်) ၁၁၃၈၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇင်အောင် ၁၂/ရကန(နိုင်)၀၆၆၈၁၀ မှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်သောကြောင့် အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သီတာအောင်( LL.B )** — **ဦးချစ်သဲမောင်( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဥ် -၁၃၆၈၄)** — **အထက်တန်းရှေ့နေ (စဥ်-၅၂၅၉၉)**
**ဖုန်း - ၀၉-၄၄၈၀၂၂၇၃၇** — **ဖုန်း-၀၉-၇၇၉၅၂၆၈၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ ဗိုလ်တဲလမ်းနေ ဒေါ်တင်ထွေး အသက်(၈၁)နှစ်၊ ပါမောက္ခဒေါက်တာ ဦးစံရီ-တွဲဖက်ပါမောက္ခ ဒေါက်တာ စောသက်ခိုင်တို့၏ မိခင်ကြီးသည် ၂၇-၆-၂၀၂၃ရက် (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**
**ခွဲစိတ်ကုပညာဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ ဗိုလ်တဲလမ်းနေ ဒေါ်တင်ထွေး အသက်(၈၁)နှစ်၊ ပါမောက္ခဒေါက်တာ ဦးစံရီ-တွဲဖက်ပါမောက္ခ ဒေါက်တာ စောသက်ခိုင်တို့၏ မိခင်ကြီးသည် ၂၇-၆-၂၀၂၃ရက် (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခွဲစိတ်ဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ ဗိုလ်တဲလမ်းနေ ဒေါ်တင်ထွေး အသက်(၈၁)နှစ်၊ ပါမောက္ခဒေါက်တာ ဦးစံရီ-တွဲဖက်ပါမောက္ခ ဒေါက်တာ စောသက်ခိုင်တို့၏ မိခင်ကြီးသည် ၂၇-၆-၂၀၂၃ရက် (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခွဲစိတ်ဆောင် (၃)မိသားစု၊**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ၃၂/ပေါင်းလောင်း-၂ရပ်၊ ရေိယာ ၀ဒသမ ၀၅၅ ဧက အကျယ်ရှိ မြေကွက်အမှတ် ၆၇၇နှင့် ယင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ်များနှင့်တကွ လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဒေါ်သင်းနန္ဒာလွင် (ဘ)ဦးသိန်းဇင် ၇/ကပက(နိုင်) ၀၇၃၆၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇာလင်း က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့အား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းထွန်း(LL.B)၊ အထက်တန်းရှေ့နေ(စဥ်-၄၅၁၃၉)**
**အမှတ် ၃၄၄၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်**
**ဖုန်း-၀၉- ၄၂၀၅၅၅၉၉၈**

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ မြေကွက်အမှတ် (၂၀၅ ၁/၂) ဦးစောရွှေသိန်း** (MYGN -006223) **အမည်ပေါက် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော (၇)လမ်း၊ အမှတ်(၂၀၅-က)၊ အကျယ်အဝန်းပေ (၂၀x၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

**အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်ကို မူလကတရားဝင်ပိုင်ဆိုင်သူ ဦးစောရွှေသိန်း (MYGN-006223)ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်မြင့် ၁၂/မရက(နိုင်)၀၃၆၀၃၇ ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်ခင်မာရီ ၁၂/မရက(နိုင်) ၀၃၆၀၃၅မှ တရားဝင်ပိုင်ဆိုင်လက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းကြောင်း ဝန်ခံပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ရောင်းချသူထံသို့ ပေးချေထားပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစပြီး ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစန္ဒာယမုံအေး**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၂၇၇)**
**အမှတ် (၁၉)၊ ၄လွှာ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၄၀၀၂၈၂**

## ဦးမြဘူး
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ စက်မှု(၁) ဝန်ကြီးဌာန
### အသက်(၉၀)နှစ်

အငြိမ်းစားစက်ရှင်မင်းကြီး ဦးဘိုးခ-ဒေါ်အိုင်တို့၏သား၊ [ဗိုလ်မှူးကြီး မောင်မောင် (ငြိမ်း)-ဒေါ်စဝ်စိန်ပွင့်]၊ (ဦးမျိုးသန်း)-ဒေါ်ခင်စန်းရီ၊ [ဒုဗိုလ်မှူးကြီး ဒေါက်တာတင်အုန်း (ငြိမ်း)]တို့၏ညီ၊ ဦးမင်းသန်းသောင်း-ဒေါ်ခင်ခင်ခတို့၏အစ်ကို၊ ဦးကျော်စွာသန်း-ဒေါ်ခင်ခင်ကြူ၊ ဦးအောင်ဝင်း-ဒေါ်ဖြူမျိုးသန်း၊ ဦးမျိုးစန်း-ဒေါ်မိမိခိုင်၊ဦးဇင်မောင်ထွန်း-ဒေါ်မြိုင်မျိုးသန်း၊ ဦးသုခ-ဒေါ်အိအိငယ်၊ ဦးစိုးမင်း-ဒေါက်တာ ဒေါ်မွှေးတို့၏ ချစ်လှစွာသော ဦးလေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်းနေ အငြိမ်းစား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြဘူး သည် ၂၇-၆-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊အသုတ်မြို့၊ ဗိုလ်တဲလမ်းနေ ပါမောက္ခဒေါက်တာ ဦးစံရီ၊ တွဲဖက်ပါမောက္ခ ဒေါက်တာ စောသက်ခိုင်တို့၏ မိခင် ဒေါ်တင်ထွေး၊ အသက်(၈၁)နှစ် သည် ၂၇-၆-၂၀၂၃ရက် မနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့်မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခွဲစိတ်ဆောင်(၁)မိသားစု**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ကျေးဇူးတင်လွှာ

၁၅-၆-၂၀၂၃ရက်နေ့က ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ခဲ့သော မိခင်ကြီး ဒေါ်မိမိဘော်(ခ) ဒေါ်မေမေခင် အသက်(၈၃)နှစ် နာမကျန်းဖြစ်စဉ်မှ စပြီး ကွယ်လွန်သည်အထိ အစစအရာရာ လိုလေသေးမရှိ မေတ္တာဖြင့် မိသားစုနှင့်မခြား အမြဲ ကူညီစောင့်ရှောက်ကုသပေးပါသော ဒေါက်တာ ဦးဇော်မြင့်-ဒေါ်လုလု၊ သမားတော်ကြီး ဒေါက်တာ ဦးတင်ကိုကို၊ သမားတော် ဒေါက်တာ အောင်ခြိမ့်နှင့် ပြင်ဦးလွင်မှ ဒေါက်တာ ကျော်စွာဟိန်း၊ ပြင်ဦးလွင်နှင့် မန္တလေးမှ သူနာပြုဝန်ထမ်းများအားလည်းကောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများ၊ ပြင်ဦးလွင်မြို့ သဒ္ဓါသုခလူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပြင်ဦးလွင် သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ အရာရှိများ၊ ဝန်ထမ်းများအားလည်းကောင်း၊ High Trade money changer ရန်ကုန်မြို့နှင့် လူကိုယ်တိုင်ကြွရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း ၊ Social media မှ လည်းကောင်း ဝမ်းနည်းကြောင်းပေးပို့မေးမြန်းကြသူများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်း ပန်းစည်းများ၊ လှူဖွယ်ပစ္စည်းများနှင့် စားဖွယ်ရာများ ပေးပို့ကြသူဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကို ရင်ထဲမှ လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9444, KIA Bango III, M/B ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၁၄/ဇလန(နိုင်)၁၃၃၆၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/48756, HONDA DREAM ND 125M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြစိုး ၇/အဖန(နိုင်) ၀၄၀၉၄၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ပတ်စ်ပို့ပျောက်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပေါက်မြိုင်အုပ်စု ရွှေပြည်သာကျေးရွာနေ (ဘ)ဦးထွန်းထွန်း၏ သမီး မခင်မြတ်သူ ၉/လဝန (နိုင်) ၂၇၅၂၅၀၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 700050) 13-7-2016 သည်ပြည်တွင်းခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၁၂၄၄၅၈၄

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နန့်အယ်နီကျင် ဖုန်း ၁၄/ဝခမ(နိုင်)၁၅၉၇၅၉ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MH271465) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၂၆၆၇၇

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/18250, Honda Click -150, M/C ယာဉ်လက် ဝယ်ရှိသူ ဦးသန်းဌေး ၁၄/ပသန(နိုင်)၀၄၀၆၄၉ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/1049 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## အမည်မှန်

ဇေယျာသီရိမြို့နယ်၊ ပညာဒါနကိုယ်ပိုင်ကျောင်းမှ (ဘ)ဦးစိုးလွင်၏သား Grade-9 မှ မောင်အာကာချန်လင်း၏ အမည်မှန်မှာ မောင်အာကာသျှန်လင်း ဖြစ်ပါကြောင်း။

**မောင်အာကာသျှန်လင်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

---

❖ **ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်...**

❖ **ယခုနိုင်ငံအတွင်း ဖြစ်ပေါ်နေသော အခြေအနေများသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်...**

❖ **ကျင်းပမည့် ရွေးကောက်ပွဲသည်လည်း မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲဖြစ်ပြီး ကမ္ဘာ့ရွေးကောက်ပွဲမဟုတ်...**

❖ **မိမိတို့နိုင်ငံသားများအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay Listopadov အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံစဉ်။

---

# ၂၀၂၃ အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအသင်း လေ့ကျင့်ပြင်ဆင်



ရန်ကုန် ဇွန် ၂၈

မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင် အမျိုးသမီးအသင်းသည် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် ၂၀၂၃ အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ (ဓါတ်ပုံ)

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ပဏာမကစားသမား ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင်

စာမျက်နှာ ၁၃ ကော်လံ ၁ ❍

---

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မူမမှန်ခြင်း ဖြစ်ပေါ်လေ့ရှိ

နေပြည်တော် ဇွန် ၂၈

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များခန့်မှန်းချက်အရ ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့်

စာမျက်နှာ ၁၃ ကော်လံ ၁ ❖

---

**ယနေ့ သတင်း အညွှန်း**

မက်တာဗားစ်နှင့် ဉာဏ်ရည်တု (AI) နည်းပညာများကို တိုကျို၌ သုံးရက်ကြာပြသမည် စာမျက်နှာ ၁၃

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ စာမျက်နှာ ၁၄